မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# jyewr;

အမှတ် ၃၉ ]  ရန်ကုန်မြို့ { ၁၃၇၇ ခုနှစ်၊ တော်သလင်းလဆန်း ၁၂ ရက်<br>( ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက် ) } သောကြာနေ့  [ အတွဲ ၆၈

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၈၇/၂၀၁၅)**

၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၃ ရက်

( ၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၉ ရက် )

**အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့မှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော **အပင်မျိုးသစ် အကာအကွယ်ပေးရေးဥပဒေကြမ်း**အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ အရထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊<br>ညွှန်ကြားရေးမှူးချုပ်၊<br>ပြည်ထောင်စုလွှတ်တော်ရုံး။

## အပင်မျိုးသစ်အကာအကွယ်ပေးရေး ဥပဒေ (မူကြမ်း)

(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်    ။)

၁၃၇၇ ခုနှစ်၊    လ    ရက်

( ၂၀၁၅ ခုနှစ်၊    လ    ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)

### အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို **အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေ**ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ထုတ်ပြန်ကြေညာပြီး တစ်နှစ်ပြည့်မြောက်ပြီးသည့်နေ့ရက်မှစတင်၍ အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **အပင်**ဆိုသည်မှာ အဏုဇီဝသက်ရှိများမှလွဲ၍ အပင်လောကအတွင်းရှိ မည်သည့်အပင်ကိုမဆို ဆိုသည်။

(ခ) **အပင်မျိုး**ဆိုသည်မှာ ရုက္ခဗေဒဆိုင်ရာ အမျိုးအစားခွဲခြားခြင်း၏ အနိမ့်ဆုံးအဆင့်တွင်ရှိပြီး သီးသန့်ရုပ်သွင်လက္ခဏာများပါရှိသည့် အပင်မျိုးကို ဆိုသည်။

(ဂ) **အပင်မျိုးသစ်**ဆိုသည်မှာ လက်ရှိအပင်မျိုးများနှင့် အနည်းဆုံးလက္ခဏာတစ်ရပ်ရပ်တွင် သိသာစွာကွဲလွဲမှုရှိပြီး စိုက်ပျိုးသည့်အခါ ယင်း၏လက္ခဏာရပ်များမှာညီညာမှုရှိ၍ ထပ်ဆင့်မျိုးပွားရာတွင်လည်း ယင်း၏ လက္ခဏာရပ်များ ပြောင်းလဲမှုမရှိဘဲ တည်ငြိမ်စွာ ဖော်ပြနိုင်သော အပင်မျိုးကို ဆိုသည်။

(ဃ) **အပင်မျိုးမွေးမြူသူ**ဆိုသည်မှာ အပင်မျိုးတစ်မျိုးကိုမွေးမြူသူ သို့မဟုတ် ရှာဖွေဖော်ထုတ်သူကို လည်းကောင်း၊ အပင်မျိုးမွေးမြူသူအား အဖိုးအခဖြင့် တာဝန်ပေးအပ်သူ လုပ်ငန်းပိုင်ရှင်ကို လည်းကောင်း၊ အပင်မျိုးမွေးမြူသူ၏တာဝန်ကို တရားဝင်ဆက်လက်တာဝန်ယူသည့်ပုဂ္ဂိုလ်ကို လည်းကောင်း ဆိုသည်။

(င) **အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေး**ဆိုသည်မှာ ဤဥပဒေအရ ပြဋ္ဌာန်းသော အခွင့်အရေး ဖြစ်သည်။

(စ) **မျိုးပွားနိုင်သည့်အပင်အစိတ်အပိုင်း**ဆိုသည်မှာ ထပ်မံမျိုးပွားရန်အတွက် အသုံးပြုသည့် မျိုးစေ့ သို့မဟုတ် အပင်တစ်ပင်လုံး သို့မဟုတ် အပင်၏ အစိတ်အပိုင်းများကို ဆိုသည်။

(ဆ) **ရိတ်သိမ်းနိုင်သည့်အစိတ်အပိုင်း**ဆိုသည်မှာ အပင်တစ်ပင်ရှိ စီးပွားဖြစ်အသုံးပြုနိုင်သော အစိတ်အပိုင်း သို့မဟုတ် ၎င်းအပင်မှ ရရှိလာသော ထုတ်ကုန်ကို ဆိုသည်။

(ဇ) **အသိအမှတ်ပြုလက်မှတ်**ဆိုသည်မှာ အပင်မျိုးသစ်ကို ကာကွယ်ခွင့်ပြုကြောင်း အပင်မျိုးမွေးမြူသူအား ဤဥပဒေအရ ထုတ်ပေးသော လက်မှတ်ကို ဆိုသည်။

(ဈ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကို ဆိုသည်။

(ည) **ဗဟိုကော်မတီ**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းထားသော အမျိုးသား အပင်မျိုးသစ် အကာအကွယ်ပေးရေးဆိုင်ရာ ဗဟိုကော်မတီကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်သည် -

(က) အပင်မျိုးသစ်မွေးမြူသူများ၏ ရပိုင်ခွင့်အခွင့်အရေးကို အကာအကွယ်ပေးရန်၊

(ခ) အပင်မျိုးသစ်မွေးမြူခြင်းလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရန်၊

(ဂ) အပင်မျိုးသစ်မွေးမြူခြင်းလုပ်ငန်းတွင် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများပိုမိုတိုးတက်လာစေရန်၊

(ဃ) အပင်မျိုးသစ်များ မွေးမြူရရှိလာခြင်းဖြင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန်။

## အခန်း (၃)
## ဗဟိုကော်မတီဖွဲ့စည်းခြင်း

၄။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမျိုးသား အပင်မျိုးသစ် အကာအကွယ်ပေးရေးဆိုင်ရာ ဗဟိုကော်မတီကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ဤဥပဒေနှင့်ဆက်စပ် အကျုံးဝင်သည့် ဝန်ကြီးဌာနများရှိ သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ကျွမ်းကျင်သူပညာရှင်များနှင့် အခြားသင့်လျော်သူများကို အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်ဖွဲ့စည်းရမည်။

၅။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဗဟိုကော်မတီဖွဲ့စည်းရာတွင် လိုအပ်လျှင် ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို သတ်မှတ်တာဝန်ပေးအပ်နိုင်သည်။

၆။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဗဟိုကော်မတီကို အခါအားလျော်စွာ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

## အခန်း (၄)
## ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်နှင့်လုပ်ပိုင်ခွင့်များ

၇။ ဗဟိုကော်မတီသည် -

(က) ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် အပင်မျိုးမွေးမြူခြင်းဆိုင်ရာ မူဝါဒများ ချမှတ်ရမည်။

(ခ) အပင်မျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် သက်ဆိုင်သည့်အစိုးရဌာနများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရမည်။

(ဂ) ကာကွယ်ခွင့်ရရှိထားသော အပင်မျိုးသစ်၏ မျိုးစေ့နှင့် အပင်အစိတ်အပိုင်းများကို နိုင်ငံအချင်းချင်း သဘောတူညီချက်အရ သုတေသနပြုလုပ်နိုင်ရန်အတွက် လိုအပ်သလိုပေးပို့ခြင်းနှင့်လက်ခံခြင်းများ ဆောင်ရွက်ရမည်။

(ဃ) အပင်မျိုးသစ်စစ်ဆေးခြင်းဆိုင်ရာ နည်းပညာကော်မတီနှင့် ဆပ်ကော်မတီများကို ဖွဲ့စည်းခြင်း၊ အခါအားလျော်စွာ ပြင်ဆင်ဖွဲ့စည်းခြင်းနှင့်လုပ်ငန်းတာဝန်ပေးအပ်ခြင်းများ ဆောင်ရွက်ရမည်။

၈။ ဗဟိုကော်မတီသည် အပင်မျိုးမွေးမြူသူအား အပင်မျိုးသစ်ကာကွယ်သည့်အခွင့်အရေးပေးအပ်ရမည်။

၉။ ဗဟိုကော်မတီသည် ဤဥပဒေအရ တရားစွဲဆိုရာတွင် အပင်မျိုးသစ်စစ်ဆေးခြင်းဆိုင်ရာ နည်းပညာကော်မတီ၏ စစ်ဆေးတွေ့ရှိချက်အပေါ် မူတည်၍ ခွင့်ပြုချက်ပေးနိုင်သည်။

## အခန်း (၅)
## အပင်မျိုးသစ်အဖြစ် အသိအမှတ်ပြုရန် သတ်မှတ်ချက်များ

၁၀။ အပင်မျိုးမွေးမြူသူမှ အပင်မျိုးသစ်အဖြစ် လျှောက်ထားလာသော အပင်မျိုးသည် အသိအမှတ်ပြုလက်မှတ်ရရှိရန် လျှောက်ထားလာသည့်အချိန်တွင် -

(က) အဆိုပါမျိုး၏ မျိုးစေ့များ သို့မဟုတ် အခြားမျိုးပွားနိုင်သည့် အပင်အစိတ်အပိုင်းများအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းတွင် (၁) နှစ်ထက်စော၍သော်လည်းကောင်း၊ အခြားပြည်ပနိုင်ငံများတွင် (၄) နှစ်ထက်စော၍သော်လည်းကောင်း၊ နှစ်ရှည်ပင်နှင့် နွယ်ပင်များ ဖြစ်ပါက (၆) နှစ်ထက်စော၍သော်လည်းကောင်း စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်ခြင်း၊ အခြားအသုံးပြုမှုများအတွက် ရောင်းချခြင်းမရှိစေရ။

(ခ) အဆိုပါ မျိုး၏ ထွက်ကုန်များကို အသုံးပြု၍ ထပ်ဆင့်ထုတ်ကုန်များအတွက် ခွင့်ပြုထားမှုမရှိစေရ။

၁၁။ အပင်မျိုးသစ်အဖြစ် လျှောက်ထားလာသော အပင်မျိုးသည်အများလက်ခံသိရှိထားသည့် အခြားမည်သည့်အပင်မျိုးနှင့်မဆို သိသာစွာ ကွဲပြားခြားနားသည့် ထူးခြားသော လက္ခဏာရှိရမည်။

၁၂။ အပင်မျိုးသစ်အဖြစ် လျှောက်ထားလာသောအပင်မျိုးသည် စိုက်ပျိုးထုတ်လုပ်ရာတွင် ပတ်ဝန်းကျင်ကြောင့် ဖြစ်ပေါ်နိုင်သည့် ကွဲလွဲချက်များမှအပ ကျန်ထူးခြားသည့် လက္ခဏာများကို ညီညာစွာ ဖော်ပြနိုင်ရမည်။

၁၃။ အပင်မျိုးသစ်အဖြစ် လျှောက်ထားလာသော အပင်မျိုးသည် သားဆက်အဆင့်ဆင့် မျိုးပွားရာတွင် ယင်း၏ ထူးခြားသောသွင်ပြင်လက္ခဏာများကို တည်ငြိမ်စွာ ဖော်ပြနိုင်ရမည်။

၁၄။ အပင်မျိုးသစ်အား အမည်ပေးရာတွင် နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မျိုးအမည်ပေးရမည်။

## အခန်း (၆)
## အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်ကို ကာကွယ်သည့် အခွင့်အရေးလျှောက်ထားခြင်း

၁၅။ အပင်မျိုးသစ်အားကာကွယ်သည့် အခွင့်အရေးကို အောက်ပါပုဂ္ဂိုလ်များအားလုံး လျှောက်ထားခွင့်ရှိစေရမည် -

(က) အပင်မျိုးသစ်မွေးမြူသူနိုင်ငံသားများ၊

(ခ) အပင်မျိုးသစ်မွေးမြူသူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ နယ်နိမိတ်အတွင်း အမြဲနေထိုင်ခွင့်ရရှိထားသော နိုင်ငံခြားသားများနှင့် ယင်းတို့၏ အဖွဲ့အစည်းများ၊

(ဂ) အပင်မျိုးသစ်ကာကွယ်ရေးအတွက် သဘောတူညီမှု ရရှိထားသော နိုင်ငံခြားတိုင်းပြည်များမှ အပင်မျိုးသစ်မွေးမြူသည့် အဖွဲ့အစည်းများ၊ ပုဂ္ဂလိကများအားလုံး။

၁၆။ အပင်မျိုးမွေးမြူသူ၏ အပင်မျိုးသစ်သည် သဘာဝပတ်ဝန်းကျင်နှင့်ဇီဝမျိုးစုံ၊ မျိုးကွဲများကို ထိခိုက်ခြင်းမရှိမှသာလျှင် ယင်းအပင်မျိုးမွေးမြူသူအား ရပိုင်ခွင့်အခွင့်အရေးကို လျှောက်ထားခွင့်ရှိစေရမည်။

၁၇။ အပင်မျိုးသစ်အတွက် ကာကွယ်ခွင့်လျှောက်ထားသူသည် နည်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ဗဟိုကော်မတီသို့ လျှောက်ထားရမည်။

၁၈။ ဗဟိုကော်မတီသည် အပင်မျိုးသစ်အတွက်ကာကွယ်ခွင့်လျှောက်ထားလာသော အပင်မျိုးသစ်ကို စိုက်ပျိုးစစ်ဆေးရန် အပင်မျိုးသစ်စစ်ဆေးခြင်းဆိုင်ရာ နည်းပညာကော်မတီကို တာဝန်ပေးအပ်ရမည်။

၁၉။ အပင်မျိုးသစ်စစ်ဆေးခြင်းဆိုင်ရာ နည်းပညာကော်မတီသည် ဤဥပဒေပါ ပုဒ်မ ၁၀ မှ ပုဒ်မ ၁၄အထိ ပြဋ္ဌာန်းသတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိမရှိ စစ်ဆေး၍ ဗဟိုကော်မတီသို့ တင်ပြရမည်။

၂၀။ အပင်မျိုးသစ်အတွက် ကာကွယ်ခွင့်လျှောက်ထားသူသည် အပင်မျိုးသစ်တစ်မျိုးတည်းအား အပင်မျိုးသစ် ကာကွယ်ခြင်းဆိုင်ရာ သဘောတူညီမှုရရှိထားသော နိုင်ငံခြားတိုင်းပြည်၌ ကာကွယ်ခွင့်လျှောက်ထားခဲ့ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် ထပ်မံလျှောက်ထားလာပါက နည်းဥပဒေပါ ပြဋ္ဌာန်းထားသော ဦးစားပေးအခွင့်အရေးများ ခံစားခွင့်ရရှိစေရမည်။

၂၁။ ဗဟိုကော်မတီသည် အောက်ပါ အခြေအနေများတွင် အပင်မျိုးသစ်အတွက် ယာယီကာကွယ်ပိုင်ခွင့် ပေးအပ်ခြင်းနှင့် ဖျက်သိမ်းခြင်းတို့ကို ထုတ်ပြန်ပေးရမည် -

(က) အပင်မျိုးသစ်ကာကွယ်ခွင့် လျှောက်ထားခြင်းကို အတည်ပြုပြီးနောက် စမ်းသပ်စစ်ဆေးစဉ်ကာလအတွင်း ယင်းမျိုးသစ်အား စီးပွားဖြစ်အသုံးချနိုင်ရန်အလို့ငှာ ယာယီကာကွယ်နိုင်သည့်အခွင့်အရေးကို ခံစားခွင့်ပေးအပ်ခြင်း၊

(ခ) ယာယီကာကွယ်ခွင့်ကာလအတွင်း ကာကွယ်ခွင့်လျှောက်ထားခြင်းမှာ ခိုင်လုံမှုမရှိခြင်းနှင့် အပင်မျိုးသစ်စစ်ဆေးခြင်းဆိုင်ရာ နည်းပညာကော်မတီ၏ စိစစ်တင်ပြချက်အရ ကာကွယ်ခွင့်လျှောက်ထားခြင်းအား ငြင်းပယ်ခြင်းခံရပါက ယာယီကာကွယ်ခွင့်အား ဖျက်သိမ်းခြင်း။

၂၂။ ပုဒ်မ ၂၁၊ ပုဒ်မခွဲ (က) အရ ယာယီကာကွယ်ခွင့်ကို ခံစားခွင့်ရရှိသူသည် ယင်းကာလအတွင်း ပုဒ်မ ၂၁၊ ပုဒ်မခွဲ (ခ)ပါအကြောင်းတစ်စုံတစ်ရာကြောင့် ယာယီကာကွယ်ခွင့်အား ဖျက်သိမ်းခံရပြီး ယင်းအခြေအနေများသည် အခြားပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းအား နစ်နာမှုတစ်စုံတစ်ရာရှိခဲ့ပါက ယင်းထိခိုက်နစ်နာမှုအတွက် လျော်ကြေးပေးဆောင်စေရမည်။

## အခန်း (၇)
## အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်နှင့် ရပိုင်ခွင့်ကို ကာကွယ်နိုင်သည့် အခြေအနေများ

၂၃။ မည်သူမဆို ပုဒ်မ ၂၈ နှင့် ပုဒ်မ ၂၉ ပြဋ္ဌာန်းချက်များပါ ကင်းလွတ်ခွင့်များမှလွဲ၍ ကာကွယ်ခွင့်ရရှိထားသော အပင်မျိုးသစ်၏ မျိုးပွားနိုင်သည့် အစိတ်အပိုင်းများကို အောက်ဖော်ပြပါ ကိစ္စရပ်များအတွက် အသုံးချဆောင်ရွက်မည်ဆိုပါက အပင်မျိုးမွေးမြူသူ၏ ခွင့်ပြုချက်ကို ရယူရမည် -

(က) ထုတ်လုပ်ခြင်း သို့မဟုတ် ထပ်ဆင့်မျိုးပွားခြင်း၊

(ခ) မျိုးပွားရန်အတွက် ပြုပြင်ခြင်း၊

(ဂ) ရောင်းချရန်ကမ်းလှမ်းခြင်း၊

(ဃ) ပြည်တွင်း၊ ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချခြင်း၊

(င) ပြည်ပမှ တင်သွင်းခြင်း၊

(စ) ပုဒ်မ ၂၃၊ ပုဒ်မခွဲ (က) မှ (င) အထိလုပ်ငန်းများ ဆောင်ရွက်ရန် သိုလှောင်သိမ်းဆည်းခြင်း။

၂၄။ အပင်မျိုးမွေးမြူသူသည် ပုဒ်မ ၂၃ ပါ လုပ်ငန်းများကို လုပ်ကိုင်ခွင့်ပြုရာတွင် ၎င်း၏ ရပိုင်ခွင့်များကို ဗဟိုကော်မတီနှင့် ညှိနှိုင်း၍ သတ်မှတ်ပေးနိုင်သည်။

၂၅။ ပုဒ်မ ၂၈ နှင့် ပုဒ်မ ၂၉ ပြဋ္ဌာန်းချက်များပါကင်းလွတ်ခွင့်များမှလွဲ၍ အပင်မျိုးမွေးမြူသူသည် ယင်း၏ ခွင့်ပြုချက်မရှိဘဲ ကာကွယ်ခွင့်ရရှိထားသောမျိုး၏ မျိုးပွားအစိတ်အပိုင်းများကို တစ်စုံတစ်ဦးက အသုံးပြုစိုက်ပျိုး ထုတ်လုပ်ရာတွင် ရပိုင်ခွင့်မရရှိခဲ့လျှင် အပင်၏ရိတ်သိမ်းနိုင်သည့်အစိတ်အပိုင်းများ သို့မဟုတ် ရိတ်သိမ်းပြီး အပင်တစ်ပင်လုံးအား ပုဒ်မ ၂၃ ပါ ကိစ္စရပ်များ လုပ်ကိုင်ခြင်းအတွက် ရပိုင်ခွင့်များကို သက်ဆိုင်သူထံမှ တောင်းဆိုပိုင်ခွင့်ရှိသည်။

၂၆။ အပင်မျိုးမွေးမြူသူသည် ပုဒ်မ ၂၅ တွင်ဖော်ပြထားသော ရပိုင်ခွင့်ကို မရရှိခဲ့လျှင် ကာကွယ်ခွင့် ရရှိထားသော အပင်မျိုး၏ ထုတ်ကုန်များနှင့်ပတ်သက်၍ ပုဒ်မ ၂၃ ပါ ကိစ္စရပ်များလုပ်ကိုင်ခြင်းအတွက် ရပိုင်ခွင့်များအား သက်ဆိုင်သူထံမှ တောင်းဆိုပိုင်ခွင့်ရှိသည်။

၂၇။ အပင်မျိုးသစ်အတွက် ပုဒ်မ ၂၃၊ ပုဒ်မ ၂၅ နှင့် ပုဒ်မ ၂၆ တို့ပါပြဋ္ဌာန်းချက်များသည် အောက်ဖော်ပြပါ မျိုးများအပေါ် အကျိုးသက်ရောက်မှုရှိစေရမည် -

(က) ကာကွယ်ခွင့်ရရှိထားသည့် မျိုးအသစ်မှ တိုက်ရိုက်ထပ်ဆင့် မွေးမြူရရှိသည့်မျိုးများ၊

(ခ) ကာကွယ်ခွင့်ရရှိထားသောမျိုးအသစ်နှင့်သိသာစွာ ကွဲပြားခြားနားခြင်းမရှိသည့် မျိုးများ၊

(ဂ) ကာကွယ်ခွင့်ရရှိထားသောမျိုးအား စဉ်ဆက်မပြတ် အသုံးပြု၍ထုတ်လုပ်ရရှိလာသည့်မျိုးများ။

၂၈။ အပင်မျိုးမွေးမြူသူသည် အောက်ဖော်ပြပါ အခြေအနေများတွင် အပင်မျိုးသစ်အား ကာကွယ်နိုင်သည့် အခွင့်အရေးမှမဖြစ်မနေ ကင်းလွတ်ခွင့်ပေးရမည် -

(က) စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်ရန်မပြုခြင်း၊

(ခ) သုတေသနစမ်းသပ်မှုအတွက် အသုံးပြုခြင်း၊

(ဂ) တောင်သူအချင်းချင်း မျိုးဖလှယ်ခြင်း၊

(ဃ) ပုဒ်မ ၂၇ ပါ ပြဋ္ဌာန်းထားသည့် မျိုးများထုတ်လုပ်ခြင်းမှလွဲ၍ အခြားမျိုးသစ်ရရှိရန်အတွက် မျိုးမွေးမြူခြင်းလုပ်ငန်းတွင် အသုံးချခြင်း။

၂၉။ အပင်မျိုးမွေးမြူသူသည် အောက်ဖော်ပြပါ အခြေအနေများတွင် အပင်မျိုးသစ်အား ကာကွယ်နိုင်သည့် အခွင့်အရေးမရှိစေရ -

(က) အပင်မျိုးမွေးမြူသူကိုယ်တိုင် သို့မဟုတ် ယင်း၏ခွင့်ပြုချက်ဖြင့် မြန်မာနိုင်ငံနယ်နိမိတ်အတွင်းနှင့် နိုင်ငံခြားတိုင်းပြည်များသို့ အပင်မျိုးသစ်ကိုတင်ပို့ရောင်းချရာတွင် ကာကွယ်ခွင့်ရရှိထားသော ယင်းမျိုးသစ်အားထပ်မံမျိုးပွားမှုမရှိခြင်း၊

(ခ) ကာကွယ်ခွင့်ရရှိထားသော အပင်မျိုးသစ်အား စားသုံးရန်အတွက်သာ တင်ပို့ခြင်း။

၃၀။ ပုဒ်မ ၂၈ နှင့် ပုဒ်မ ၂၉ တို့ပါ ကင်းလွတ်ခွင့်များ၊ ပြဋ္ဌာန်းချက်များနှင့်အများပြည်သူ၏ အကျိုးမှလွဲ၍ အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်ကာကွယ်ခြင်းအား ကန့်သတ်ချက်မရှိစေရ။

၃၁။ အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေးသည် ဥပဒေနှင့်အညီ မည်သူမဆို ကုန်ထုတ်လုပ်မှု စည်းမျဉ်းသတ်မှတ်ခြင်း၊ ထောက်ခံချက်ပေးခြင်း၊ ဈေးကွက် တင်ပို့ခြင်းနှင့် ပြည်တွင်း၊ ပြည်ပသို့ ရောင်းချခြင်း စသည့် အကြောင်းအခြင်းအရာများနှင့် စပ်လျဉ်းခြင်း မရှိစေရ။

၃၂။ ကုန်ထုတ်လုပ်မှုစည်းမျဉ်းသတ်မှတ်ခြင်း၊ ထောက်ခံချက်ပေးခြင်း၊ ဈေးကွက်တင်ပို့ခြင်းနှင့်ပြည်တွင်း၊ ပြည်ပသို့ ရောင်းချခြင်းစသည့် အကြောင်းအခြင်းအရာများသည် မည်သည့်အခြေအနေတွင်မဆို ဤဥပဒေ၏ အကျိုးသက်ရောက်မှုအား ထိခိုက်ခြင်း အလျဉ်းမရှိစေရ။

၃၃။ အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေး ကာကွယ်ခွင့်ကာလကို ကာကွယ်ခွင့်ရရှိသည့်နေ့မှ စတင်၍ နှစ်ရှည်ပင်နှင့် နွယ်ပင်မျိုးသစ်များအတွက် ၂၅ နှစ်နှင့် အခြားအပင်မျိုးသစ်များအတွက် နှစ် ၂၀ သတ်မှတ်သည်။

## အခန်း (၈)
## အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေးပျက်ပြယ်ခြင်းနှင့် ဖျက်သိမ်းခြင်း

၃၄။ အောက်ဖော်ပြပါ အခြေအနေများတွင် အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေး ပျက်ပြယ်စေရမည် -

(က) အပင်မျိုးသစ်အား ကာကွယ်ပိုင်ခွင့်ပေးအပ်ပြီးနောက်ပိုင်း ပုဒ်မ ၁၀ နှင့် ပုဒ်မ ၁၁ ပါပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုမရှိကြောင်း စစ်ဆေးတွေ့ရှိခြင်း၊

(ခ) အပင်မျိုးသစ်အားကာကွယ်ပိုင်ခွင့်ပေးအပ်ပြီးနောက်ပိုင်း အပင်မျိုးမွေးမြူသူတင်ပြရမည့်မျိုးသစ်နှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များ၊ မှတ်တမ်းမှတ်ရာများသည် ပုဒ်မ ၁၂ နှင့် ပုဒ်မ ၁၃ တို့ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုမရှိကြောင်း စစ်ဆေးတွေ့ရှိခြင်း၊

(ဂ) ကနဦးစိစစ်မှုများအရ အပင်မျိုးမွေးမြူသူ၏ ကာကွယ်ပိုင်ခွင့်အခွင့်အရေးကို အမှန်ရရှိသင့်သူအား ပေးအပ်ရမည့်အစား မရရှိသင့်သူအား ပေးအပ်ခဲ့ခြင်း။

၃၅။ ပုဒ်မ ၃၄ ပါ ပြဋ္ဌာန်းချက်များမှအပ အခြားမည်သည့် အကြောင်းများကြောင့်အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေးပျက်ပြယ်ခြင်း မရှိစေရ။

၃၆။ အောက်ဖော်ပြပါ အခြေအနေများတွင် ဗဟိုကော်မတီသည် အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်ကာကွယ်နိုင်သည့် အခွင့်အရေးအား ဖျက်သိမ်းရမည် -

(က) ပုဒ်မ ၁၂ နှင့် ပုဒ်မ ၁၃ တို့ပါ ပြဋ္ဌာန်းချက်များအား ရေရှည်ထိန်းသိမ်းထားနိုင်မှုမရှိခြင်း၊

(ခ) အပင်မျိုးမွေးမြူသူက ဗဟိုကော်မတီသို့ မျိုးသစ်နှင့်စပ်လျဉ်း၍ မျိုးသစ်အဖြစ် ဆက်လက်တည်ရှိရန် လိုအပ်သည့်သတင်းအချက်အလက်များ၊ မှတ်တမ်းများကို နည်းဥပဒေ ပြဋ္ဌာန်းချက်များတွင် သတ်မှတ်ထားသည့် ကာလအတွင်း တင်ပြနိုင်မှု မရှိခြင်း၊

(ဂ) အပင်မျိုးမွေးမြူသူက ယင်း၏ ရပိုင်ခွင့်အခွင့်အရေးအား ဆက်လက်ထိန်းသိမ်းရန်အတွက် ပေးရန်ရှိသည့် အခွန်အခပေးအပ်ရန် ပျက်ကွက်ခြင်း။

၃၇။ ပုဒ်မ ၃၆ ပါ ပြဋ္ဌာန်းချက်များမှအပ အခြားမည်သည့် အခြေအနေများတွင်မဆို အပင်မျိုး မွေးမြူသူ၏ အခွင့်အရေးကို ဖျက်သိမ်းခြင်းမရှိစေရ။

## အခန်း (၉)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၃၈။ မည်သူမဆို ကာကွယ်ခွင့် ရရှိထားသော အပင်မျိုးသစ်အား ယင်းအပင်မျိုးမွေးမြူသူ၏ ခွင့်ပြုချက်မရှိဘဲ ပုဒ်မ ၂၃ ပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် အနည်းဆုံးထောင်ဒဏ်ခြောက်လမှ အများဆုံးထောင်ဒဏ် သုံးနှစ်ထိ ချမှတ်ရမည့်ပြင် အနည်းဆုံးငွေဒဏ် ကျပ်ဆယ်သိန်းမှ အများဆုံးငွေဒဏ် ကျပ်သိန်းငါးဆယ်အထိချမှတ်နိုင်သည်။ ထို့ပြင် ပြစ်မှုနှင့်သက်ဆိုင်သော သက်သေခံပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်သည်။

## အခန်း (၁၀)
## အထွေထွေ

၃၉။ ဤဥပဒေအရ တရားစွဲဆိုရာတွင် ဗဟိုကော်မတီ၏ ခွင့်ပြုချက်ကို ကြိုတင်ရယူရမည်။

၄၀။ ဤဥပဒေအရ တရားစွဲဆိုသောပြစ်မှုနှင့် သက်ဆိုင်သည့် သက်သေခံပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ရန် လွယ်ကူခြင်းမရှိပါက ယင်းသက်သေခံပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ခြင်းမပြုဘဲ မည်ကဲ့သို့ ထိန်းသိမ်းထားကြောင်းကို အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာ အခြားစာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပြနိုင်သည်။ ယင်းသို့ တင်ပြခြင်းကို တရားရုံးရှေ့သို့ သက်သေခံပစ္စည်းတင်ပြသကဲ့သို့ မှတ်ယူကာ သက်ဆိုင်ရာတရားရုံး၏ ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်း ပြုနိုင်သည်။

၄၁။ အစိုးရဝန်ထမ်းမဟုတ်သော ဗဟိုကော်မတီအဖွဲ့ဝင်များနှင့် အပင်မျိုးသစ်စစ်ဆေးခြင်းဆိုင်ရာ နည်းပညာကော်မတီ အဖွဲ့ဝင်များသည် ဝန်ကြီးဌာနက သတ်မှတ်ထားသော စရိတ်ချီးမြှင့်ငွေများကို ခံစားခွင့်ရှိသည်။

၄၂။ အပင်မျိုးသစ်အား ကာကွယ်ခွင့် အခွင့်အရေးရရှိရန် လျှောက်ထားရာတွင် လိုအပ်သော စစ်ဆေးမှုများ ပြုလုပ်ခြင်းအတွက် ကုန်ကျမည့် အခကြေးငွေများအား လျှောက်ထားသူမှ ပေးဆောင်စေရမည်။

၄၃။ ဗဟိုကော်မတီသည် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် အပင်မျိုးသစ်အား ကာကွယ်ခွင့် အခွင့်အရေးရရှိရန် လျှောက်ထားသူမှ ပေးဆောင်ရမည့် အခွန်အခများအား သတ်မှတ်ပေးရမည်။

၄၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ဗဟိုကော်မတီသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၈၈/၂၀၁၅)**

၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၃ ရက်

( ၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၉ ရက် )

**၁၉၄၉ ခုနှစ်၊ ပြည့်တန်ဆာနှိပ်ကွပ်ရေးအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့မှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော **၁၉၄၉ ခုနှစ်၊ ပြည့်တန်ဆာနှိပ်ကွပ်ရေးအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း** အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# ၁၉၄၉ ခုနှစ်၊ ပြည့်တန်ဆာနှိပ်ကွပ်ရေးအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (မူကြမ်း)

(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်  ။)

၁၃၇၇ ခုနှစ်၊  လ  ရက်

( ၂၀၁၅ ခုနှစ်၊  လ  ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **၁၉၄၉ ခုနှစ်၊ ပြည့်တန်ဆာနှိပ်ကွပ်ရေးအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ**ဟုခေါ်တွင်စေရမည်။

၂။ ၁၉၄၉ ခုနှစ်၊ ပြည့်တန်ဆာနှိပ်ကွပ်ရေးအက်ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ခ) နှင့် (ဃ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

(က) ပုဒ်မ ၂ ပုဒ်မခွဲ (ခ)ကို "ခန့်ထားသည့်ဆေးဆရာဆိုသည်မှာ" ဤအက်ဥပဒေအလို့ငှာ **"ကျန်းမာရေးဝန်ကြီးဌာနက ခန့်ထားသည့် ဆရာဝန်"** ကို ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မ ၂ ပုဒ်မခွဲ (ဃ) ကို "ကာလသားရောဂါ" ဆိုသည့်စကားရပ်အစား **"လိင်ဆက်ဆံမှုမှ ဆက်နွှယ်ကူးစက်တတ်သောရောဂါ"၊** ဟုအစားထိုးပြီး အဓိပ္ပာယ်ဖွင့်ဆိုချက်တွင် **ကာလသားရောဂါ၊ ဆစ်ဖလစ်နာ၊ ဂနိုရီယာ(ခ)ညောင်းကျနာ၊ ရှံကာအပြေးနာနှင့်အခြားလိင်ဆက်ဆံမှုမှကူးစက်တတ်သောရောဂါ**တို့လည်းပါဝင်သည်" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၃။ ၁၉၄၉ ခုနှစ်၊ ပြည့်တန်ဆာနှိပ်ကွပ်ရေးအက်ဥပဒေပုဒ်မ ၄ တွင်ပါရှိသော "ရဲအုပ်" ဆိုသည့် စကားရပ်ကို **"ဒုတိယရဲအုပ်"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ ပုဒ်မ ၅ ပုဒ်မခွဲ (၁) တွင်ပါရှိသော **"ယောကျ်ားဖြစ်လျှင် ကြိမ်ဒဏ်လည်း စီရင်နိုင်သည်"** ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၅။ ပုဒ်မ ၆ တွင်ပါရှိသော **"ယောကျ်ားဖြစ်လျှင် ကြိမ်ဒဏ်လည်း စီရင်နိုင်သည်"** ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၆။ ၁၉၄၉ ခုနှစ်၊ ပြည့်တန်ဆာနှိပ်ကွပ်ရေးအက်ဥပဒေတွင် -

(က) ပုဒ်မ ၁၂၊ ပုဒ်မခွဲ (၁) ၌ ပါရှိသော "သုံးနှစ်ထိအလုပ်ကြမ်းနှင့် ထောင်ဒဏ်စီရင်နိုင်စေရမည်" ဆိုသည့် စကားရပ်ကို **"တစ်နှစ်ထက်မနည်း သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည်"** ဆိုသည့် စကားရပ်ဖြင့် အစားထိုး၍ **"ယောကျ်ားဖြစ်လျှင် ကြိမ်ဒဏ်လည်းစီရင်နိုင်သည်"** ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

(ခ) ပုဒ်မ ၁၃၊ ပုဒ်မခွဲ (၅) ၌ ပါရှိသော "တစ်နှစ်ထိထောင်ဒဏ်ဖြစ်စေ၊ ၁၀၀၀ ကျပ်ထိငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေစီရင်နိုင်စေရမည်" ဆိုသည့် စကားရပ်ကို **"တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင်၊ ၁၀၀၀၀၀ ကျပ်ထက်မပိုသော ငွေဒဏ်လည်းချမှတ်နိုင်သည်"** ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၇။ ၁၉၄၉ ခုနှစ်၊ ပြည့်တန်ဆာနှိပ်ကွပ်ရေးအက်ဥပဒေတွင်ပါရှိသော "ခန့်ထားသည့်ဆေးဆရာ"၊ "ဆေးဆရာ"၊ "စာရင်းဝင်ဆေးဆရာ" ဆိုသည့် စကားရပ်များကို **"ခန့်ထားသည့်ဆရာဝန်"** ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "ရာဇဝတ်တရားသူကြီး၊ ခရိုင်ရာဇဝတ်တရားသူကြီး၊ နယ်ပိုင်ရာဇဝတ်တရားသူကြီးနှင့် အထူးအာဏာလွှဲအပ်ခြင်းခံရသော ပဉ္စမတန်းရာဇဝတ်တရားသူကြီး" ဆိုသည့် စကားရပ်တို့ကို **"မြို့နယ်တရားသူကြီး သို့မဟုတ် အခြားစီရင်ပိုင်ခွင့်ရှိသည့် တရားသူကြီးများ"** ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "ကာလသားရောဂါ" ဆိုသည့် စကားရပ်အစား **"လိင်ဆက်ဆံမှုမှ ဆက်နွှယ်ကူးစက်တတ်သောရောဂါ"** ဟုလည်းကောင်း အသီးသီးအစားထိုးရမည်။

၈။ ၁၉၄၉ ခုနှစ်၊ ပြည့်တန်ဆာနှိပ်ကွပ်ရေးအက်ဥပဒေပုဒ်မ ၁၇-က ကို အောက်ပါအတိုင်း အစားထိုး ရမည် -

၁၇-က။ ဤဥပဒေပါ ကိစ္စရပ်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) ပြည်ထဲရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သော နည်းဥပဒေနှင့် စည်းမျဉ်း၊ စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ပြည်ထဲရေးဝန်ကြီးဌာနသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၈၉/၂၀၁၅)**

၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၃ ရက်

( ၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၉ ရက် )

**ငွေစုဘဏ်လုပ်ငန်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့မှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော **ငွေစုဘဏ်လုပ်ငန်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း** အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာ အပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

**ငွေစုဘဏ်လုပ်ငန်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ (မူကြမ်း)**

(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။)

၁၃၇၆ ခုနှစ်၊ လ ရက်

( ၂၀၁၄ ခုနှစ်၊ လ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို "ငွေစုဘဏ်လုပ်ငန်းဥပဒေကို ပြင်ဆင်သည့် ဥပဒေ" ဟုခေါ်တွင်စေရမည်။

၂။ ငွေစုဘဏ်လုပ်ငန်းဥပဒေတွင် ပုဒ်မ-၂၊ ပုဒ်မခွဲ (စ) ၌ ပါရှိသော စကားရပ်များကို အောက်ပါစကားရပ် များဖြင့် အစားထိုးရမည် -

**"(စ) ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ဘဏ္ဍာရေးဝန်ကြီးဌာနကို ဆိုသည်။"

၃။ ငွေစုဘဏ်လုပ်ငန်းဥပဒေပုဒ်မ-၇၊ ပုဒ်မခွဲ (ဃ) တွင်ပါရှိသော "သမဝါယမအသင်းများ" ဆိုသည့် စကားရပ်၏ ရှေ့တွင် "ငွေစုငွေချေး" ဆိုသည့်စကားရပ်ကို ဖြည့်စွက်ရမည်။

၄။ ငွေစုဘဏ်လုပ်ငန်းဥပဒေပုဒ်မ-၇၊ ပုဒ်မခွဲ (င) တွင်ပါရှိသော "အသင်းအဖွဲ့များ" ဆိုသည့်စကားရပ်၏ နောက်၌ "လူမှုရေးအဖွဲ့အစည်းများ" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၅။ ငွေစုဘဏ်လုပ်ငန်းဥပဒေတွင် ပုဒ်မ-၁၁ ကို အောက်ပါအတိုင်းအစားထိုးရမည် -

"၁၁။ ငွေစုသူသည် ငွေစုဘဏ်စာရင်းဖွင့်လှစ်သည့်အခါ သို့မဟုတ် ငွေစုလက်မှတ်ဝယ်ယူသည့်အခါ မိမိ၏စုငွေနှင့်အတိုးခံစားခွင့်များကို မိမိလွှဲပြောင်းလိုသည့် ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် တစ်ဦးထက်ပိုသည့် ပုဂ္ဂိုလ်များအား အကျိုးခံစားခွင့်လွှဲအပ်ထားနိုင်သည်။"

၆။ ငွေစုဘဏ်လုပ်ငန်းဥပဒေတွင် ပုဒ်မ-၁၂ ကို အောက်ပါအတိုင်းအစားထိုးရမည် -

"၁၂။ ငွေစုသူသည် မိမိအကျိုးခံစားခွင့်လွှဲအပ်ထားခြင်းခံရသူများ၏ အမည်စာရင်းကို ပြင်ဆင်ဖြည့်စွက်လိုပါက သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာငွေစုဘဏ်သို့တင်ပြလျှောက်ထားနိုင်သည်။"

၇။ ငွေစုဘဏ်လုပ်ငန်းဥပဒေတွင် ပုဒ်မ-၁၃၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်းအစားထိုးရမည် -

"(က) ငွေစုမှတ်တမ်းနှင့် ငွေစုလက်မှတ်တို့ကို လုံခြုံစွာထိန်းသိမ်းရန် တာဝန်ရှိသည်၊ ပျောက်ဆုံးပါက ဘဏ်သို့ အမြန်ဆုံး အကြောင်းကြားရမည်။"

၈။ ငွေစုဘဏ်လုပ်ငန်းဥပဒေတွင် ပုဒ်မ-၁၈၊ ပုဒ်မခွဲ (ဂ) ကို အောက်ပါအတိုင်းအစားထိုးရမည် -

"(ဂ) အကျိုးခံစားခွင့်ပြုလုပ်ထားခြင်းမရှိသော ငွေစုသူသေဆုံးပါက စုငွေလက်ကျန်ကိုအမွေထိန်းစာ သို့မဟုတ် အမွေဆက်ခံခွင့်လက်မှတ် တင်ပြရန်မလိုဘဲ ငွေစုဘဏ်မှ သတ်မှတ်ထားသည့် လိုအပ်သည့် စာရွက်စာတမ်းများတင်ပြနိုင်သူ ဇနီး၊ ခင်ပွန်း၊ သားသမီး၊ တရားဝင်မွေးစားထားသော သားသမီး သို့မဟုတ် ယင်းတို့မရှိလျှင် မြေး သို့မဟုတ် ယင်းတို့မရှိလျှင် မိဘ၊ ညီအစ်ကို၊ မောင်နှမအား ထုတ်ပေးရမည်။"

"(ဂ-၁) သေဆုံးသွားသည့် ငွေစုသူတွင် ဇနီး၊ ခင်ပွန်း၊ သားသမီး၊ တရားဝင်မွေးစားထားသော သားသမီး၊ မြေး၊ မိဘ၊ ညီအစ်ကို၊ မောင်နှမမရှိလျှင် အခြားသူများမှတောင်းခံပါက အမွေထိန်းစာ သို့မဟုတ် အမွေဆက်ခံခွင့်လက်မှတ် တင်ပြနိုင်သူကိုသာ ငွေထုတ်ပေးရမည်။"

"(ဂ-၂) သေဆုံးသွားသည့် ငွေစုသူရဟန်း သို့မဟုတ် သီလရှင်၏ စုငွေလက်ကျန်သည် ကျောင်းတိုက်နှင့် သက်ဆိုင်သည့် ငွေကြေးဖြစ်ပါက သက်ဆိုင်ရာသံဃာ့နာယကအဖွဲ့၏ ထောက်ခံချက်ဖြင့် စုငွေလက်ကျန်ထုတ်ယူရန် လျှောက်ထားသည့်ရဟန်း သို့မဟုတ် သီလရှင်အားစိစစ်ထုတ်ပေးရမည်။ သေဆုံးသွားသည့် ငွေစုသူရဟန်း သို့မဟုတ် သီလရှင်၏စုငွေလက်ကျန်သည် ပုဂ္ဂလိကပိုင်ငွေဖြစ်ကြောင်း သက်ဆိုင်ရာ သံဃာ့နာယကအဖွဲ့မှ ထောက်ခံပါက လူပုဂ္ဂိုလ်များသေဆုံးသည့်အခါ စုငွေလက်ကျန်ထုတ်ပေးရန် သတ်မှတ်ချက်များနှင့်အညီ စိစစ်ထုတ်ပေးရမည်။"

၉။ ငွေစုဘဏ်လုပ်ငန်းဥပဒေပုဒ်မ-၃၂ ကို ပယ်ဖျက်ရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၉၀/၂၀၁၅)**

၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၃ ရက်

( ၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၉ ရက် )

**အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့မှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော **အာမခံလုပ်ငန်း လုပ်ကိုင်ခွင့် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း** အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊

ညွှန်ကြားရေးမှူးချုပ်၊

ပြည်ထောင်စုလွှတ်တော်ရုံး။

## အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (မူကြမ်း)

(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်    ။)

၁၃၇၇ ခုနှစ်၊        လ   ရက်

( ၂၀၁၅ ခုနှစ်၊        လ   ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ အာမခံလုပ်ငန်းလုပ်ကိုင်ခွင့် ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ(စ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

**“(စ) ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ဘဏ္ဍာရေးဝန်ကြီးဌာနကို ဆိုသည်”

၃။ အာမခံလုပ်ငန်းလုပ်ကိုင်ခွင့် ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၇) တွင်ပါရှိသော “မြန်မာ့အာမခံမှ အရာရှိ ၁ ဦး” ဆိုသည့်စကားရပ်ကို “ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ အရာရှိ ၁ ဦး”ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ အာမခံလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေပုဒ်မ ၆ တွင် ပါရှိသော “မြန်မာ့အာမခံ” ဆိုသည့်စကားရပ်ကို “ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ အာမခံလုပ်ငန်းလုပ်ကိုင်ခွင့် ဥပဒေပုဒ်မ ၃၅ ကိုပယ်ဖျက်ရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၉၁/၂၀၁၅)**

၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၃ ရက်

( ၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၉ ရက် )

**ပင်စင်အက်ဥပဒေကိုရုပ်သိမ်းသည့်ဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့မှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော **ပင်စင်အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း** အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊

ညွှန်ကြားရေးမှူးချုပ်၊

ပြည်ထောင်စုလွှတ်တော်ရုံး။

## ပင်စင်အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ (မူကြမ်း)

(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်    ။)

၁၃၇၆ ခုနှစ်၊        လ   ရက်

( ၂၀၁၄ ခုနှစ်၊        လ   ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပင်စင်အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ပင်စင်အက်ဥပဒေ (The Pensions Act) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၉၂/၂၀၁၅)**

၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၅ ရက်

( ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၁ ရက် )

**၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း**

ပြည်သူ့လွှတ်တော်၊ လွှတ်တော်အခွင့်အရေးကော်မတီမှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော **၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း** အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

**၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (မူကြမ်း)**

(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်    ။)

၁၃၇၇ ခုနှစ်၊                    လ    ရက်

( ၂၀၁၅ ခုနှစ်၊                    လ    ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ဆ) တွင်ပါရှိသော "ပုဒ်မ ၂၅၊ ၂၇၊ ၂၈ နှင့် ၃၃" ဆိုသည့်စကားရပ်ကို "ပုဒ်မ ၂၄၊ ၂၆၊ ၂၇ နှင့် ၃၂" ဆိုသည့် စကားရပ်ဖြင့်အစားထိုးရမည်။

၃။ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ဈ)တွင်ပါရှိသော "ပြည်ထောင်စုရာထူးဝန်အဖွဲ့တို့ကိုလည်းကောင်း၊" ဆိုသည့်စကားရပ်နောက်တွင် "ပြည်ထောင်စုလွှတ်တော်က ဥပဒေပြဋ္ဌာန်း၍ အဆိုပါဥပဒေတွင် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းအဖြစ် သတ်မှတ်ဖွဲ့စည်းသည့် နိုင်ငံတော်အဆင့် သို့မဟုတ် ဗဟိုအဆင့်အဖွဲ့အစည်းများကိုလည်းကောင်း၊" ဆိုသည့်စကားရပ်ကို ဖြည့်စွက်ရမည်။

၄။ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ည) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ည) လွှတ်တော်ရုံးဆိုသည်မှာ ပြည်သူ့လွှတ်တော်၏ရုံးလုပ်ငန်းနှင့် အုပ်ချုပ်မှုကိစ္စအဝဝတို့ကို ကြီးကြပ်ဆောင်ရွက်ရန် ဖွဲ့စည်းထားသောရုံးကို ဆိုလိုသည်။"

၅။ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ (ည)ကို အောက်ပါအတိုင်းအစားထိုးရမည် -

"(ည) လွှတ်တော်အစည်းအဝေးသို့ တက်ရောက်လေ့လာလိုသော ပြည်သူများအား ဥက္ကဋ္ဌ၏ သဘောတူညီချက်ဖြင့် ဖိတ်ကြားခြင်း။"

၆။ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၁၂၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ် (၂) တွင်ပါရှိသော "တရားရုံးတစ်ခုခုက" ဆိုသည့် စကားရပ်ကို "တရားရုံး သို့မဟုတ် စုံစမ်းစစ်ဆေးမှုတစ်ခုခုက" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၇။ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၁၃ တွင် ပါရှိသော "နယ်မြေဒေသခံပြည်သူများနှင့် ညှိနှိုင်းပြီး သတ်မှတ်ချက်များနှင့်အညီ" ဆိုသည့်စကားရပ်ကို "ဥပဒေနှင့်အညီ" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၈။ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၁၇ မှ ပုဒ်မ ၁၉ အထိ သက်ဆိုင်သော "တာဝန်ထမ်းဆောင်ခြင်း" ခေါင်းစဉ်ကို "တာဝန်ထမ်းဆောင်ခြင်းနှင့် နုတ်ထွက်ခြင်း" ဆိုသည့်ခေါင်းစဉ်ဖြင့် အစားထိုးရမည်။

၉။ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၁၇ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၇။ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့သည် နောက်တစ်ကြိမ် လွှတ်တော်သက်တမ်းပထမပုံမှန်အစည်းအဝေး စတင်မကျင်းပမီအချိန်အထိ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်ရမည်။"

၁၀။ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၈ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၃၈။ (က) လွှတ်တော်သက်တမ်းတစ်ရပ်၏ ပထမပုံမှန်အစည်းအဝေးသို့ တက်ရောက်လာသော လွှတ်တော်ကိုယ်စားလှယ်များအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပေးသည့် အသိအမှတ်ပြုလွှာဖြင့် စိစစ်အတည်ပြုရန် လွှတ်တော်က လွှတ်တော်အခွင့်အရေး ကော်မတီ မဖွဲ့စည်းရသေးမီ ဥက္ကဋ္ဌသည် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီတစ်ရပ်ကို သင့်လျော်သော နိုင်ငံသားများဖြင့် ဖွဲ့စည်းရမည်။

(ခ) လွှတ်တော်အခွင့်အရေးကော်မတီ ဖွဲ့စည်းပြီးချိန်မှစ၍ ယင်းကော်မတီသည် လွှတ်တော်သက်တမ်းအတွင်း ဆက်လက်ကျင်းပသည့် လွှတ်တော်အစည်းအဝေးများသို့ တက်ရောက်လာသော လွှတ်တော်ကိုယ်စားလှယ်များအား စိစစ်၍ အတည်ပြုရမည်။"

၁၁။ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ပုဒ်မ ၄၇ နှင့် ပုဒ်မ ၄၈ တို့၌ ပါရှိသော "အခြားဘာသာသာသနာကို ပုတ်ခတ်ပြောဆိုခြင်း" ဆိုသည့် စကားရပ်များကို "ဘာသာသာသနာကို ပုတ်ခတ်ပြောဆိုခြင်း" ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၁၂။ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၅၀ ၏ ခြေဆင်းကို အောက်ပါအတိုင်း အစားထိုးရမည် -

"၅၀။ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသောအဖွဲ့အစည်းဝင်များသည်-"

၁၃။ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၆၃ နှင့် ၆၆ တို့တွင်ပါရှိသော "ပြည်သူ့လွှတ်တော်ရုံး" ဆိုသည့်စကားရပ်ကို "လွှတ်တော်ရုံး" ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၉၃/၂၀၁၅)**

၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၅ ရက်

( ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၁ ရက် )

**အခြေခံပညာရေးဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့မှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော **အခြေခံပညာရေးဥပဒေကြမ်း** အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# အခြေခံပညာရေးဥပဒေ (မူကြမ်း)

(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)
၁၃၇၇ ခုနှစ်၊ လ ရက်
( ၂၀၁၅ ခုနှစ်၊ လ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို အခြေခံပညာရေးဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **အစိုးရအဖွဲ့**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(ခ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရပညာရေးဝန်ကြီးဌာနကို ဆိုသည်။

(ဂ) **သက်ဆိုင်ရာဝန်ကြီးဌာန**ဆိုသည်မှာ ဤဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရန် အစိုးရအဖွဲ့က တာဝန်ပေးအပ်သော ပြည်ထောင်စုဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **ဦးစီးဌာန**ဆိုသည်မှာ ပညာရေးလုပ်ငန်းများကို တာဝန်ခံဆောင်ရွက်ရန် ဝန်ကြီးဌာနက တာဝန်ပေးအပ်သော ဦးစီးဌာနကို ဆိုသည်။

(င) **ရုံး**ဆိုသည်မှာ မြို့နယ်ပညာရေးမှူးရုံး၊ ခရိုင်ပညာရေးမှူးရုံးနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ပညာရေးမှူးရုံးကို ဆိုသည်။

(စ) **ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့**ဆိုသည်မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့၊ပြည်ထောင်စုနယ်မြေ၊ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဆိုင်ရာအဖွဲ့အသီးသီးကို ဆိုသည်။

(ဆ) **ပညာရေး**ဆိုသည်မှာ လူတို့၏အသိပညာ၊ အတတ်ပညာ၊ ကျွမ်းကျင်မှုနှင့် သဘောထားအယူအဆအမြင်တို့ ဖွံ့ဖြိုးတိုးတက်မှုရှိအောင်ဆောင်ရွက်ပေးသည့်ဖြစ်စဉ်ကို ဆိုသည်။

(ဇ) **အခြေခံပညာရေး**ဆိုသည်မှာ နိုင်ငံသားတိုင်းတတ်မြောက်ရန် သတ်မှတ်ထားသော ပညာအခြေခံကို သင်ယူတတ်မြောက်စေရန်နှင့် နည်းပညာနှင့်သက်မွေးပညာရပ် တစ်ခုခုကိုဖြစ်စေ၊ အဆင့်မြင့်ပညာကိုဖြစ်စေ ဆက်လက်သင်ယူနိုင်စေရန် သင်ကြားလေ့ကျင့်ပေးသည့် ပညာရေးကိုဆိုသည်။

(ဈ) **ဆရာအတတ်ပညာရေး**ဆိုသည်မှာ ဆရာအတတ်ပညာဖြင့် လုပ်ငန်းခွင်စတင်ဝင်ရောက်မည့်သူများနှင့် လုပ်ငန်းခွင်ရောက်ရှိနေသူများက သင်ယူသူများ၏ သင်ယူမှုတိုးတက်ရေးကို ဆောင်ရွက်နိုင်စေရန် လိုအပ်သော အသိပညာ၊ အတတ်ပညာကျွမ်းကျင်မှု၊ စိတ်နေသဘောထားနှင့် အတွေ့အကြုံများရရှိစေသည့် ပညာရေးကို ဆိုသည်။

(ည) **ကျောင်းသား**ဆိုသည်မှာ အခြေခံပညာအဆင့်တွင်သတ်မှတ်ထားသော အသိပညာ၊ ကျွမ်းကျင်မှုနှင့် သဘောထားအယူအဆအမြင်များကို ပညာသင်ကြားသင်ယူမှုနည်းစနစ်များနှင့်အညီ လေ့လာဆည်းပူးသင်ယူသူအားလုံးကို ဆိုသည်။

(ဋ) **ဆရာ**ဆိုသည်မှာ အခြေခံပညာအဆင့်တစ်ခုခုတွင် သင်ယူသူများ၏ အသိပညာ၊ ကျွမ်းကျင်မှုနှင့် သဘောထားအယူအဆအမြင်များဖွံ့ဖြိုးတိုးတက်စေရန် စီစဉ်ပံ့ပိုးပေးခြင်း၊ သင်ကြားပို့ချပေးခြင်း တာဝန်များကို ထမ်းဆောင်သည့် သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူကို ဆိုသည်။

(ဌ) **ကျောင်းပညာရေး**ဆိုသည်မှာ အခြေခံပညာအဆင့်တွင် သင်ယူသူ၏ အသက်အရွယ်၊ သင်ယူရမည့်အချိန်ကာလ၊ နေရာ၊ အတန်း၊ ပညာရည်စစ်ဆေးတိုင်းတာမှုစနစ်နှင့်တိကျသောသင်ရိုးညွှန်းတမ်းဖြင့် သင်ကြားပေးသော ကျောင်းအခြေပြု မူကြိုပညာရေး၊ သူငယ်တန်းပညာရေး၊ မူလတန်းပညာရေး၊

အလယ်တန်းပညာရေး၊ အထက်တန်းပညာရေး၊ နည်းပညာနှင့်သက်မွေးပညာရေးနှင့် အဆင့်မြင့်ပညာရေးဆိုင်ရာအခြေခံတို့ အကျုံးဝင်သည့် ပညာရေးကိုဆိုသည်။

(ဥ) **ကျောင်းပြင်ပပညာရေး**ဆိုသည်မှာ သင်ရိုးညွှန်းတမ်းများကို အခြေခံ၍ သင်ယူလိုသူများ ပညာရည်မြင့်မားလာစေရန် ကျောင်းပညာရေးစနစ်ပြင်ပတွင် ပြင်ဆင်ပြောင်းလဲနိုင်သော နည်းလမ်းများဖြင့် စည်းရုံးသင်ကြားပေးသည့် ပညာရေးကို ဆိုသည်။

(ဎ) **တန်းညှိပညာရေးအစီအစဉ်**ဆိုသည်မှာ ကျောင်းပြင်ပပညာရေးအစီအစဉ်အရ သင်ယူရရှိသည့်ပညာအဆင့်အတန်းကို ကျောင်းပညာရေးအဆင့်အတန်းများနှင့် အရည်အချင်းညှိနှိုင်းသတ်မှတ်ပေးသော အစီအစဉ်ကို ဆိုသည်။

(ဏ) **မူကြိုပညာရေး**ဆိုသည်မှာ အသက်သုံးနှစ်မှ ငါးနှစ်အရွယ်ကလေးများ၏ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တနှင့် စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အခြေခံပညာဆက်လက်သင်ယူနိုင်ရေးတို့အတွက် ပြုစုပျိုးထောင်ပေးသော ပညာရေးကိုဆိုသည်။

(တ) **သူငယ်တန်းပညာရေး**ဆိုသည်မှာ ပထမတန်းသို့ကူးပြောင်းမှုလွယ်ကူစေရန် အသက်ငါးနှစ်ပြည့်ပြီးကလေးများအတွက် ဘက်စုံဖွံ့ဖြိုးမှုနှင့် သင့်လျော်သောနည်းလမ်းများကို အသုံးပြုပြီး ပြုစုပျိုးထောင်ပေးသည့် ပညာရေးကို ဆိုသည်။

(ထ) **အခမဲ့မသင်မနေရပညာရေး**ဆိုသည်မှာ နိုင်ငံတော်ကအခမဲ့မသင်မနေရပညာရေးဟုသတ်မှတ်သည့်ပညာရေးအဆင့်ကို ကျောင်းနေအရွယ်ကလေးတိုင်း သင်ယူပြီးမြောက်ရေးအတွက် အစိုးရအဖွဲ့နှင့်ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့ အဆင့်ဆင့်တို့က သတ်မှတ်ချက်နှင့်အညီ အပြည့်အဝ ထောက်ပံ့ကူညီမှုပေးထားသည့် ပညာရေးကို ဆိုသည်။

(ဒ) **ပညာရေးအထူးဝန်ဆောင်မှု**ဆိုသည်မှာ နယ်မြေအေးချမ်းမှုမရှိသော၊ တိုးတက်ဖွံ့ဖြိုးမှုနည်းပါးသော၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော ဒေသများနှင့်သဘာဝဘေးအန္တရာယ်ကြုံတွေ့နေရသော ဒေသများအတွက် အရေးပေါ်ယာယီကျောင်းများဖွင့်လှစ်သင်ကြားပေးခြင်းကိုဆိုသည်။

(ဓ) **ရပ်ရွာအခြေပြုပညာရေး**ဆိုသည်မှာ သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာရှိပြည်သူများကို ပညာရေးဖြင့် လူနေမှုအဆင့်အတန်းတိုးတက်စေရန်နှင့် အသိဉာဏ်ပညာမြင့်မားစေရန် ယင်းတို့၏ ဆန္ဒအပေါ်တွင် အခြေခံ၍ သင်ကြားပေးသည့် ပညာရေးကို ဆိုသည်။

(န) **ရပ်ရွာပညာပဒေသာဌာန**ဆိုသည်မှာ ကျောင်းပညာရေးဖြင့်ဖြစ်စေ၊ ကျောင်းပြင်ပပညာရေးဖြင့်ဖြစ်စေ ဒေသခံပြည်သူများကိုယ်တိုင် စီမံအုပ်ချုပ်ဆောင်ရွက်သည့် ပညာသင်ဌာနဖြစ်ပြီး ဒေသဖွံ့ဖြိုးရေးနှင့် အိမ်ထောင်စု အခြေပြုသင်ယူခြင်းအတွက် ရင်းမြစ်ဌာနအဖြစ်လည်းကောင်း၊ ဒေသအလိုက်အစဉ် သင်ယူနေသည့် လူ့အဖွဲ့အစည်းငယ်များ ဖြစ်ထွန်းလာစေရန်နှင့် သတင်းအချက်အလက်များ ဖြန့်ဖြူးရန်ဌာနအဖြစ်လည်းကောင်း တာဝန်ယူအကောင်အထည်ဖော်ရသည့် ရပ်ကွက် သို့မဟုတ် ကျေးရွာဌာနတစ်ခုကို ဆိုသည်။

(ပ) **လူတိုင်းအကျုံးဝင်ပညာရေး**ဆိုသည်မှာ မသန်စွမ်းသူများ အပါအဝင်အကြောင်းအမျိုးမျိုးကြောင့်ပညာသင်ယူခွင့်မရရှိသူများကို ကျောင်းပညာရေး သို့မဟုတ် ကျောင်းပြင်ပပညာရေးတစ်ခုခုတွင်ပညာသင်ယူဆည်းပူးခွင့်ရှိစေရန် အခွင့်အလမ်းဖန်တီးပေးသည့် အစီအစဉ်ကိုဆိုသည်။

(ဖ) **အရည်အသွေးအာမခံမှု**ဆိုသည်မှာ ကျောင်းနှင့်ထိုကျောင်းရှိ သင်ကြားသင်ယူမှုအစီအစဉ်များသည်အမျိုးသားပညာရေးအဆင့်အတန်းနှင့်အရည်အသွေးအာမခံမှုအကဲဖြတ်ကော်မတီကချမှတ်ထားသောစံချိန်စံညွှန်းများနှင့်ကိုက်ညီမှုအခြေအနေကို အမြဲမပြတ်စိစစ်အကဲဖြတ်ခြင်းဖြင့် အရည်အသွေးအဆင့်သတ်မှတ်ခြင်းနှင့် အာမခံချက်ပေးခြင်းကို ဆိုသည်။

(ဗ) **အတွင်းအရည်အသွေးအာမခံမှု** ဆိုသည်မှာ အရည်အသွေးအာမခံခြင်းလုပ်ငန်းကို ပညာပေးဌာနအတွင်းရှိ ကျွမ်းကျင်သူဝန်ထမ်းများဖြင့် ဆောင်ရွက်ပြီး အရည်အသွေးအာမခံခြင်းဆိုင်ရာဆုံးဖြတ်ချက်များ ချမှတ်ခြင်းကို ဆိုသည်။

(ဘ) **ပြင်ပအရည်အသွေးအာမခံမှု**ဆိုသည်မှာ အရည်အသွေးအာမခံခြင်းလုပ်ငန်းကို ပညာပေးဌာန ပြင်ပရှိ ကျွမ်းကျင်သူများဖြင့် ဆောင်ရွက်ပြီး အရည်အသွေးအာမခံခြင်းဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်ခြင်းကို ဆိုသည်။

(မ) **သင်ရိုးညွှန်းတမ်း**ဆိုသည်မှာ ပညာရေးရည်မှန်းချက်များ အောင်မြင်စေရန်ရည်ရွယ်၍ သင်ယူမှု ရလဒ်များ၊ သင်ရိုးဝင်အကြောင်းအရာများ၊ သင်ကြားသင်ယူမှုနည်းလမ်းများနှင့် တတ်မြောက်မှု စစ်ဆေးခြင်းတို့အပါအဝင်ကျောင်းတွင်းနှင့် ကျောင်းပြင်တို့၌ လေ့လာသင်ယူရမည့် ပညာရပ် နယ်ပယ်အလိုက် စနစ်တကျရေးဆွဲသတ်မှတ်ထားသော အစီအစဉ်များကို ဆိုသည်။

(ယ) **သင်ရိုးညွှန်းတမ်းအညွှန်းဘောင်**ဆိုသည်မှာ သင်ရိုးညွှန်းတမ်းဆိုင်ရာ သင်ယူမှုနယ်ပယ်များ ရွေးချယ်ရသည့် နောက်ခံအကြောင်းရင်းများ၊ သင်ယူမှုနယ်ပယ်များဆိုင်ရာရည်မှန်းချက်နှင့် သင်ယူမှုရလဒ်များ၊ သင်ရိုးဝင်အကြောင်းအရာများ၊ သင်ကြားသင်ယူမှု နည်းလမ်းများနှင့် တတ်မြောက်မှု စစ်ဆေးနည်းများကို ပြည့်စုံစွာရေးသားထားသော မူဘောင်ကို ဆိုသည်။

(ရ) **ကျောင်းသားဗဟိုပြုချဉ်းကပ်နည်း**ဆိုသည်မှာ သင်ယူသူများကိုယ်တိုင် သင်ယူမှုဖြစ်ထွန်းစေရန် ဆရာများကထိရောက်သောနည်းလမ်းများကိုအသုံးပြု၍ အပြုသဘောဆောင်သော ဆရာ ကျောင်းသားဆက်ဆံရေးဖြင့် ပံ့ပိုးဖော်ဆောင်ပေးသော သင်ကြား၊ သင်ယူမှုဖြစ်စဉ်ကိုဆိုသည်။

(လ) **အခြေခံပညာကျောင်း**ဆိုသည်မှာ အခြေခံပညာရေးစနစ်၏ အဆင့်တိုင်းအတွက် အတည်ပြု ပြဋ္ဌာန်းထားသော အမျိုးသားပညာရေးသင်ရိုးညွှန်းတမ်းစံများနှင့်အညီ ပညာသင်ကြားပေးသော ကျောင်းကိုဆိုသည်။

(ဝ) **အစိုးရကျောင်း**ဆိုသည်မှာ အခြေခံပညာရေးစနစ်၏အဆင့်တိုင်းအတွက် အတည်ပြုပြဋ္ဌာန်းထားသော အမျိုးသားပညာရေးသင်ရိုးညွှန်းတမ်းစံများနှင့်အညီ မူကြိုပညာရေး၊ အခြေခံပညာရေး၊ နည်းပညာနှင့်သက်မွေးပညာရေးဆိုင်ရာ အခြေခံများ သင်ကြားပေးရန် အစိုးရက တည်ထောင် ဖွင့်လှစ်ထားသည့်ကျောင်းကို ဆိုသည်။

(သ) **ပုဂ္ဂလိကကျောင်း**ဆိုသည်မှာ ပုဂ္ဂလိကပညာရေးဥပဒေနှင့်အညီ တရားဝင်မှတ်ပုံတင်ထားသည့် အခြေခံပညာကျောင်းများကို ဆိုသည်။

(ဟ) **သင်ယူမှုဝန်းကျင်ကောင်း**ဆိုသည်မှာ ကျောင်းသားများ၏ ဘက်စုံပညာရရှိရေး အကောင်အထည် ဖော်ရာတွင် ကျောင်း၏ရုပ်ပိုင်းနှင့်ကျောင်းသားများ၏ စိတ်ပိုင်းဆိုင်ရာပံ့ပိုးသည့် အခြေအနေများ ဖွံ့ဖြိုးတိုးတက်အောင် ဖန်တီးပေးခြင်းဖြင့် အောင်မြင်ထိရောက်သော သင်ယူမှုကိုဖြစ်ထွန်းစေသည့် ဝန်းကျင်ကိုဆိုသည်။

(ဠ) **မိဘဆရာအသင်း**ဆိုသည်မှာ အခြေခံပညာကျောင်းများတွင် သင်ယူသူများ၏ ပညာတတ်မြောက် ရေးနှင့် ကိုယ်၊ နှုတ်၊ နှလုံးကောင်းမွန်လာရေးကို ပိုမိုထိရောက်အောင်မြင်စေရန် မိဘ သို့မဟုတ် အုပ်ထိန်းသူတို့နှင့် ဆရာတို့အတူတကွ ပူးပေါင်းဖွဲ့စည်းထားသောအဖွဲ့ကို ဆိုသည်။

(အ) **ကျောင်းအကျိုးဆောင်အဖွဲ့**ဆိုသည်မှာ အခြေခံပညာကျောင်းများတွင် မိဘဆရာအသင်းကို ဖြည့်ဆည်းပြီး ပညာရေးနှင့်လူမှုရေးဆိုင်ရာကဏ္ဍတို့တွင် အများကြည်ညိုလေးစားမှုရှိသူများပါဝင်သည့် ကျောင်းပညာရေးဖွံ့ဖြိုးမှုလုပ်ငန်းများဆောင်ရွက်ရန်ဖွဲ့စည်းထားသည့် အဖွဲ့အစည်းကို ဆိုသည်။

## အခန်း (၂)
## အခြေခံပညာရေး၏ ရည်မှန်းချက်များ

၃။ အခြေခံပညာရေး၏ ရည်မှန်းချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) နိုင်ငံသားတိုင်းအခြေခံပညာပြီးဆုံးသည်အထိ သင်ယူတတ်မြောက်ရန်၊

(ခ) အခြေခံပညာအဆင့်အလိုက် တွေးခေါ်ကြံဆဝေဖန်ပိုင်းခြားနိုင်သော အသိဉာဏ်ရှိ၍ ဗလငါးတန် နှင့် ပြည့်စုံသည့် နိုင်ငံသားကောင်းများဖြစ်ရန်၊

(ဂ) ပြည်သူ့နီတိနှင့် ဒီမိုကရေစီကျင့်စဉ်နှင့် လူ့အခွင့်အရေးဆိုင်ရာစံနှုန်းများဖြင့် ဥပဒေကို လေးစားလိုက်နာတတ်သည့် နိုင်ငံ့သားကောင်းများဖြစ်ရန်၊

(ဃ) ပြည်ထောင်စုစိတ်ဓာတ်ဖွံ့ဖြိုးပြီး တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာနှင့် ရိုးရာဓလေ့နှင့် သမိုင်းအမွေအနှစ်တို့ကို တန်ဖိုးထား၍ ထိန်းသိမ်းမြှင့်တင်နိုင်ပြီး ယင်းတို့ကို လက်ဆင့်ကမ်းနိုင်သည့် နိုင်ငံသားများဖြစ်ရန်၊

(င) သဘာဝပတ်ဝန်းကျင်ကို မြတ်နိုးကာကွယ်ထိန်းသိမ်းပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်သော နိုင်ငံသားများဖြစ်ရန်၊

(စ) နိုင်ငံတကာအဆင့်မီ ပညာရပ်ဆိုင်ရာ ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးရန်နှင့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများကို ထိရောက်စွာအသုံးပြုခြင်းဖြင့် သင်ကြားရေး၊ သင်ယူရေး အရည်အသွေးမြင့်မားရန်၊

(ဆ) အားကစားနှင့် ကာယပညာလုပ်ငန်းများ၊ ကျောင်းကျန်းမာရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းဖြင့် ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်ပြီး အားကစားစိတ်ဓာတ်ဖွံ့ဖြိုးလာရန်၊

(ဇ) အသက်မွေးဝမ်းကျောင်းပညာရေးနှင့် အဆင့်မြင့်ပညာရေးအတွက် အခြေခံကောင်းများရရှိရန်၊

(ဈ) လူတစ်ဦးချင်းဖြစ်စေ၊ လူ့အဖွဲ့အစည်းအလိုက်ဖြစ်စေ မတူကွဲပြားမှုများအား နားလည်လက်ခံ၍ တန်းတူညီမျှမှုကိုတန်ဖိုးထားလေးစားပြီး ငြိမ်းချမ်းရေးအခြေခံအသိများနှင့်အညီ လက်တွေ့ကျင့်သုံးနေထိုင်တတ်သည့် ကမ္ဘာ့နိုင်ငံသားများဖြစ်ရန်၊

(ည) မြန်မာနိုင်ငံသားတစ်ဦးအဖြစ် မြတ်နိုးဂုဏ်ယူတတ်ရန်။

## အခန်း (၃)
## အခြေခံပညာရေးဆိုင်ရာအခြေခံမူများ

၄။ အခြေခံပညာရေးဆိုင်ရာ အခြေခံမူများမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) နိုင်ငံသားများ၏ မွေးရာပါအခွင့်အရေးဖြစ်သော ပညာသင်ယူခွင့်နှင့်အညီ အခြေခံပညာကို နိုင်ငံသားတိုင်း သင်ယူတတ်မြောက်စေရေး၊

(ခ) ကျောင်းနေအရွယ်ကလေးသူငယ်နှင့် လူငယ်အားလုံးပညာသင်ယူခွင့်ရရှိရေးအတွက် မသန်စွမ်းသူနိုင်ငံသားများအပါအဝင် အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ယူနိုင်ခဲ့ခြင်းမရှိသူများကို အခြေခံပညာရေးအဆင့်တိုင်းတွင် လူတိုင်းအကျုံးဝင်ပညာရေးအရ အထူးပညာရေးအစီအစဉ်နှင့်ပညာရေးအထူးဝန်ဆောင်မှုအစီအစဉ်များ အပါအဝင် ကျောင်းပညာရေး သို့မဟုတ် ကျောင်းပြင်ပပညာရေးတစ်ခုခုတွင် အခြေခံပညာသင်ယူနိုင်ခွင့်ရရှိရေး၊

(ဂ) အခမဲ့မသင်မနေရမူလတန်းပညာရေးကို ဦးတည်အကောင်အထည်ဖော်ပြီး အခြေခံပညာအဆင့်ဆင့်တိုးချဲ့ဆောင်ရွက်ရေး၊

(ဃ) အခြေခံပညာအဆင့်နှင့် အတန်းအလိုက်သတ်မှတ်ထားသော သင်ရိုးညွှန်းတမ်းစံများနှင့်အညီ အရည်အသွေးအာမခံမှုရှိသောစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရေး၊

(င) ပညာလေ့လာသင်ယူရာတွင် သင်ယူသူ၏ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ အမျိုးသား၊ အမျိုးသမီး၊ ဆင်းရဲချမ်းသာ အပါအဝင် မည်သည့်ခွဲခြားမှုမျှမရှိစေရေး၊

(စ) မြန်မာဘာသာစကားသည် ရုံးသုံးဘာသာစကားဖြစ်သဖြင့် အခြေခံပညာအဆင့်တွင် သင်ကြားသင်ယူမှု ဘာသာစကားဖြစ်ရေးနှင့် လိုအပ်လျှင်သက်ဆိုင်ရာ တိုင်းရင်းသားဘာသာစကားကို မြန်မာဘာသာစကားနှင့်အတူ စာသင်ခန်းသုံးဘာသာစကားအဖြစ် တွဲဖက်အသုံးပြုနိုင်ရေး၊

(ဆ) တိုင်းရင်းသားဘာသာစကားသင်ကြားသင်ယူမှုကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် အခြေခံပညာမူလတန်းအဆင့်မှစတင်၍ အကောင်အထည်ဖော်ပြီး အဆင့်ဆင့်တိုးချဲ့ဆောင်ရွက်နိုင်ရေး၊

(ဇ) ပညာသင်ယူသူတိုင်း ပြည်ထောင်စုစိတ်ဓာတ်ပြည့်ဝ၍ တိုင်းရင်းသားအားလုံး၏ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှုအနုပညာနှင့်ရိုးရာဓလေ့များကို မြတ်နိုးလေးစားတန်ဖိုးထားပြီးထိန်းသိမ်းလိုစိတ်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို မြှင့်တင်လိုစိတ်တို့အကျုံးဝင်သောတန်ဖိုးထားမှုအခြေပြုသည့် အမျိုးသားစရိုက်လက္ခဏာများဖွံ့ဖြိုးလာစေရေး၊

(ဈ) အခြေခံပညာကဏ္ဍတွင် ကျောင်းသားဗဟိုပြုချဉ်းကပ်နည်းအပါအဝင် ထိရောက်သောသင်နည်းများဖြင့် သင်ကြားသင်ယူမှုဖြစ်စဉ်ကို စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်ရေး၊

(ည) အစဉ်လေ့လာသင်ယူနေသောအလေ့အကျင့်ကောင်းများ ဖြစ်ထွန်းလာစေရန်အခွင့်အလမ်းများနှင့် သင်ယူမှုဝန်းကျင်ကောင်းများ ဖန်တီးပေးရေး၊

(ဋ) အခြေခံပညာရေးစနစ်၏ စွမ်းဆောင်ရည်ကိုစနစ်တကျအစဉ်လေ့လာကြီးကြပ်အကဲဖြတ်၍ မြင့်မားလာရန် ဆောင်ရွက်ရေး၊

(ဌ) ဗဟိုချုပ်ကိုင်မှု လျှော့ချသည့် အခြေခံပညာရေးစနစ်ကို ကျင့်သုံးရေး၊

(ဍ) အခြေခံပညာကျောင်းများတွင် ဘာသာရေးနှင့် နိုင်ငံရေးအဖွဲ့အစည်းများ၏ စွက်ဖက်မှုမှ ကင်းလွတ်စေရေး၊

(ဎ) ဘက်စုံဖွံ့ဖြိုးသည့် နိုင်ငံသားကောင်းများပြုစုပျိုးထောင်နိုင်ရေးအတွက် ဆရာအရည်အသွေးကို စဉ်ဆက်မပြတ်မြှင့်တင်ရေး၊

(ဏ) အခြေခံပညာအရည်အသွေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျောင်းသားမိဘများ၊ မိဘဆရာအသင်း၊ ကျောင်းအကျိုးဆောင်များနှင့်ရပ်ရွာအဖွဲ့အစည်းများပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊

(တ) အခြေခံပညာရေးဆိုင်ရာ မဟာဗျူဟာများ၊ မူဝါဒများနှင့် ယင်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်မှု၊ စီမံချက်၊ ပညာရေးဖွံ့ဖြိုးမှုစီမံကိန်းများကိုလည်းကောင်း၊ ပညာရေးနှင့်သက်ဆိုင်သည့် ဥပဒေများ၊ အခြားလုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်သော သတင်းအချက်အလက်များကို လည်းကောင်း ပြည်သူလူထုက သိရှိရယူနိုင်ရန် စီမံပေးရေး၊

(ထ) အခြေခံပညာကဏ္ဍအတွက် ဆရာများ ပြုစုပျိုးထောင်ပေးနိုင်ရန် ဆရာအတတ်ပညာကဏ္ဍနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ရေး၊

(ဒ) ကျောင်းပညာရေးနှင့် ကျောင်းပြင်ပ ပညာရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်း ပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သည့် လုပ်ငန်းများကို ဥပဒေနှင့်အညီ အကောင်အထည်ဖော်ရေး၊

(ဓ) ကျောင်းပညာရေးနှင့် ကျောင်းပြင်ပပညာရေး အပြန်အလှန်ကူးပြောင်းနိုင်ရန်အတွက် တန်းညှိပညာရေးအစီအစဉ်ကို အကောင်အထည်ဖော်ရေး၊

(န) အခြေခံပညာဆိုင်ရာ အစိုးရကျောင်းများ၊ အခြားကျောင်းများနှင့် ပညာရေးအစီအစဉ်များအကြား အပြန်အလှန်ကူးပြောင်း သင်ကြားနိုင်ရေးအတွက် တန်းညှိစနှင့်လုပ်ထုံးလုပ်နည်းများကို သက်ဆိုင်ရာ ကော်မတီများ၊ အဖွဲ့များနှင့် ညှိနှိုင်းသတ်မှတ်ရေးဆွဲပြဋ္ဌာန်းရေး၊

(ပ) ကိုယ်တိုင်သင်ယူပညာရေးအခွင့်အလမ်းများရရှိရန် ပံ့ပိုးကူညီပေးရေး။

## အခန်း (၄)

## အခြေခံပညာရေးအဆင့်များ၊ အတန်းများနှင့် ကျောင်းအမျိုးအစားများ သတ်မှတ်ခြင်း

၅။ အခြေခံပညာရေးကိုသူငယ်တန်းပညာရေးပြီးသည့်နောက် ပညာသင်နှစ်စုစုပေါင်းကာလမှာ (၁၂) နှစ်ကို ဦးတည်၍ဆောင်ရွက်ရာတွင် အခြေခံပညာရေးအဆင့်များနှင့်အတန်းများမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အသက်ငါးနှစ်ပြည့်ပြီး ကလေးများအတွက် မူလတန်းအဆင့်ပညာရေး၏ အခြေခံအတန်းအဖြစ် သတ်မှတ်သည့် သူငယ်တန်းပညာရေး၊

(ခ) ပထမတန်းမှ ပဉ္စမတန်းထိ မူလတန်းအဆင့်ပညာရေး၊

(ဂ) ဆဋ္ဌမတန်းမှ နဝမတန်းထိ အလယ်တန်းအဆင့်ပညာရေး၊

(ဃ) ဒသမတန်း၊ ဧကာဒသမတန်း၊ ဒွါဒသမတန်းတို့ပါဝင်သည့် အထက်တန်းအဆင့်ပညာရေး။

၆။ သက်ဆိုင်ရာအတန်းများပါရှိသော အခြေခံပညာကျောင်းအမျိုးအစားများကို အောက်ပါအတိုင်း သတ်မှတ်သည် -

(က) သူငယ်တန်းနှင့် မူလတန်းအဆင့်အတန်းများပါရှိသည့် အခြေခံပညာမူလတန်းကျောင်း၊

(ခ) သူငယ်တန်းနှင့် မူလတန်းအဆင့်အတန်းများပါရှိပြီး အလယ်တန်းအဆင့်အတန်းများပါရှိသည့် အခြေခံပညာအလယ်တန်းကျောင်း၊

(ဂ) သူငယ်တန်းနှင့် မူလတန်းအဆင့် အတန်းများပါရှိသည့် သို့မဟုတ် မပါရှိသည့် အလယ်တန်း အဆင့်နှင့် အထက်တန်းအဆင့်အတန်းများသာပါရှိသော အခြေခံပညာအထက်တန်းကျောင်း။

၇။ ပုဒ်မ ၅ နှင့် ၆ ပါ သတ်မှတ်ချက်များနှင့်အညီ အောက်ပါကျောင်းများသည် အခြေခံပညာရေး အဆင့်နှင့် အတန်းများပါရှိသော ကျောင်းအမျိုးအစားများအဖြစ် သတ်မှတ်ရမည် -

(က) အစိုးရကျောင်း၊

(ခ) အစိုးရအထောက်အပံ့ခံကျောင်း၊

(ဂ) ဒေသန္တရအဖွဲ့အစည်းပိုင်ကျောင်း၊

(ဃ) ပုဂ္ဂလိကကျောင်း၊

(င) ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊

(စ) ပရဟိတကျောင်း၊

(ဆ) ရွေ့လျားနှင့်အရေးပေါ်ကျောင်း၊

(ဇ) ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာနက အခါအားလျော်စွာသတ်မှတ်သည့်ကျောင်း။

၈။ ဝန်ကြီးဌာနသည် ပုဒ်မ ၇ ပါ အစိုးရကျောင်းများနှင့် အခြားကျောင်းများ အပြန်အလှန်ဆက်သွယ် ကူးပြောင်းသင်ကြားနိုင်ရေးအတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့တို့နှင့်ညှိနှိုင်းဆောင်ရွက်ရမည်။

၉။ (က) ဝန်ကြီးဌာန၏ပညာရေးမြှင့်တင်မှုအစီအစဉ်အရ အသက်သုံးနှစ် မှ ငါးနှစ်ထိကလေးများအတွက် မူကြိုပညာရေးကို အခြေခံပညာကျောင်းများ၌ တွဲဖက်လေ့ကျင့်ပြုစုပျိုးထောင်ပေးရာတွင်-

(၁) မူကြိုဖွင့်ရန်ဆန္ဒပြုသည့်ကျောင်းများကို မြို့နယ်ပညာရေးမှူးရုံးမှစိစစ်၍ အခြေခံပညာဦးစီး ဌာနသို့ တင်ပြရမည်။

(၂) မူကြိုဆရာအဖြစ် သတ်မှတ်ချက်များဖြင့်ပြည့်စုံသူကို ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် နိုင်ငံ့ ဝန်ထမ်းအဖြစ်ခန့်အပ်ပြီး လိုအပ်သောသင်တန်းများတက်နိုင်ရန် စီစဉ်ပေးရမည်။

(၃) မူကြိုတန်းများ၏အခန်းများသည် ကလေးသူငယ်များ၏ ရုပ်ပိုင်းနှင့်စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုး တိုးတက်စေမည့် ရုပ်ပတ်ဝန်းကျင်ကောင်းနှင့် ပြည့်စုံရမည်။

(ခ) မူကြိုပညာရေးကို အကောင်အထည်ဖော်သော ကျောင်းများသည် အမျိုးသားသင်ရိုးညွှန်းတမ်း ကော်မတီက ချမှတ်ထားသော သင်ရိုးညွှန်းတမ်းစံများနှင့်အညီ လေ့ကျင့်သင်ကြားရမည်။

## အခန်း (၅)

## အခြေခံပညာရေးဆိုင်ရာ လုပ်ငန်းတာဝန်များ

၁၀။ ဝန်ကြီးဌာနသည် အခြေခံပညာရေးရည်မှန်းချက်များနှင့် အခြေခံမူများကို အကောင်အထည်ဖော်ရန် လိုအပ်သောကော်မတီ၊ ဆပ်ကော်မတီများကို ဖွဲ့စည်းပြီး အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်-

(က) အခြေခံပညာရေးကိုနည်းပညာနှင့်သက်မွေးပညာရေး၊ ဆရာအတတ်ပညာရေး၊ အဆင့်မြင့်ပညာရေး တို့နှင့် ဆက်စပ်မှုရှိစေရန် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ခ) မူကြိုပညာရေးကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာန၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(ဂ) မသန်စွမ်းသူများအပါအဝင် အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ယူနိုင်ခဲ့ခြင်းမရှိသူများကို လူတိုင်းအကျုံးဝင်ပညာရေးအရ ကျောင်းပညာရေး သို့မဟုတ် ကျောင်းပြင်ပပညာရေးတစ်ခုခု၌ ပညာဆည်းပူးခွင့်ရရှိစေရန် အကောင်အထည်ဖော်ဆောင်ရွက်နေသော ဌာနသည် အသုံးစရိတ်များကို တွက်ချက်၍ ဝန်ကြီးဌာနမှတစ်ဆင့်အစိုးရအဖွဲ့သို့ တင်ပြတောင်းခံခြင်း၊

(ဃ) ကျောင်းပြင်ပပညာရေးကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာန၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(င) ရွှေ့လျားနှင့်အရေးပေါ်ကျောင်းများကို ပညာရေးအထူးဝန်ဆောင်မှုအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာန၊ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(စ) ပုဂ္ဂလိကကျောင်းများအတွက် ကျွမ်းကျင်ပညာရှင်များပါဝင်သည့်ကြီးကြပ်ရေးအဖွဲ့ကိုဖွဲ့စည်းပေးခြင်း၊

(ဆ) အခြေခံပညာကျောင်းများတွင် ခန့်ထားမည့်ဆရာများ၏ပညာအရည်အချင်းကို သတ်မှတ်ရာတွင် ဆရာအတတ်ပညာဦးစီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဇ) အခြေခံပညာအဆင့်လိုက်သင်ပြမည့် ဆရာများအတွက် ဆရာအတတ်ပညာဆိုင်ရာဘွဲ့၊ ဒီပလိုမာ၊ လက်မှတ်ရရှိရေးနှင့် လုပ်ငန်းခွင်ရှိဆရာများ၏ အရည်အချင်းကို စဉ်ဆက်မပြတ်မြှင့်တင်ရေးတို့အတွက် ဆရာအတတ်ပညာဦးစီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဈ) ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များနှင့် ပညာရေးဆိုင်ရာ လုပ်ငန်းများကို လိုအပ်သလို ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ည) အစိုးရအဖွဲ့နှင့် အမျိုးသားပညာရေးမူဝါဒကော်မရှင်က အကြံဉာဏ်တောင်းခံလာသော အခြေခံပညာရေးနှင့်ဆိုင်သည့်ကိစ္စများကို စဉ်းစားဆွေးနွေးခြင်းနှင့် သဘောထားပေးပို့ခြင်း။

၁၁။ ဝန်ကြီးဌာနသည် အောက်ဖော်ပြပါလုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ဝန်ကြီးဌာနအောက်ရှိ ညွှန်ကြားရေးမှူးချုပ်များအား တာဝန်ပေးဆောင်ရွက်ရမည် -

(က) အခြေခံပညာသင်ရိုးညွှန်းတမ်းနှင့် ကျောင်းသုံးစာအုပ်များရေးဆွဲပြဋ္ဌာန်းခြင်း၊

(ခ) သင်ကြားမှုနှင့် အုပ်ချုပ်မှုစွမ်းရည်များ မြှင့်တင်ခြင်း၊

(ဂ) အခြေခံပညာရေးလုပ်ငန်းများ လေ့လာကြီးကြပ်ခြင်းနှင့် အကဲဖြတ်ခြင်း၊

(ဃ) ကျောင်းပြင်ပ ပညာရေးကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(င) အခြေခံပညာကဏ္ဍရှိ အဆင့်အလိုက်ဆရာများ လုံလောက်စွာ ပြုစုပျိုးထောင်ခြင်းနှင့် ဆရာအရည်အသွေးမြင့်မားစေရန် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း။

၁၂။ တာဝန်ပေးအပ်ခြင်းခံရသောညွှန်ကြားရေးမှူးချုပ်များသည် လုပ်ငန်းများအကောင်အထည်ဖော်ရာတွင် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဝန်ကြီးဌာနသို့ တင်ပြဆောင်ရွက်ကြရမည်။

## အခန်း (၆)

## သင်ရိုးညွှန်းတမ်းများရေးဆွဲခြင်းနှင့် ကျောင်းသုံးစာအုပ်များပြဋ္ဌာန်းခြင်း

၁၃။ (က) ဝန်ကြီးဌာနသည် အခြေခံပညာသင်ရိုးညွှန်းတမ်းရေးဆွဲပြဋ္ဌာန်းအကောင်အထည်ဖော်ရန်အတွက် အခြေခံပညာသင်ရိုးညွှန်းတမ်းနှင့် ကျောင်းသုံးစာအုပ်ကော်မတီကို ဖွဲ့စည်းရမည်။

(ခ) အခြေခံပညာသင်ရိုးညွှန်းတမ်းနှင့် ကျောင်းသုံးစာအုပ်ကော်မတီကို ဝန်ကြီးဌာနမှ တာဝန်ပေးအပ်ခြင်းခံရသော ညွှန်ကြားရေးမှူးချုပ်တစ်ဦးက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး ကော်မတီဝင်

များအဖြစ် ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများရှိ ဦးစီးဌာနများမှ ကိုယ်စားလှယ်များ၊ ဘာသာရပ် သင်ရိုးကော်မတီဥက္ကဋ္ဌများ၊ ဆရာကိုယ်စားလှယ်များ၊ သင်ရိုးကျွမ်းကျင်ပညာရှင်များနှင့် တိုင်းရင်းသားဘာသာကျွမ်းကျင်ပညာရှင်များဖြင့် ဖွဲ့စည်းရမည်။

(ဂ) နိုင်ငံ့ဝန်ထမ်းမဟုတ်သောသင်ရိုးကျွမ်းကျင်ပညာရှင်များနှင့် တိုင်းရင်းသားဘာသာကျွမ်းကျင်ပညာရှင်များသည် အစိုးရအဖွဲ့ကသတ်မှတ်သည့် ချီးမြှင့်ငွေနှင့် စရိတ်တို့ကို ခံစားခွင့်ရှိသည်။

၁၄။ အခြေခံပညာသင်ရိုးညွှန်းတမ်းနှင့် ကျောင်းသုံးစာအုပ်ကော်မတီသည် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် -

(က) အမျိုးသားပညာရေးမူဝါဒကော်မရှင်က ချမှတ်ထားသော မူဝါဒများ၊ အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ကော်မတီ၏ မူဘောင်၊ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီကချမှတ်ထားသော အမျိုးသားအဆင့်သင်ရိုးညွှန်းတမ်းဆိုင်ရာမူများ၊ စံများ၊ သတ်မှတ်ချက်များနှင့်အညီ အခြေခံပညာအဆင့်သင်ရိုးညွှန်းတမ်း အညွှန်းဘောင်နှင့် သင်ရိုးညွှန်းတမ်းစံများ၊ သင်ရိုးမာတိကာများ အသေးစိတ်ရေးဆွဲခြင်း၊ သုံးသပ်ခြင်းနှင့်ပြုပြင်ခြင်းများကို ဆောင်ရွက်၍ ဝန်ကြီးဌာနသို့ တင်ပြခြင်း၊

(ခ) ကျောင်းသုံးစာအုပ်များကို ပြဋ္ဌာန်းနိုင်ရန် စိစစ်၍ ဝန်ကြီးဌာနသို့တင်ပြခြင်း၊

(ဂ) သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ ထုတ်လုပ်တင်ပြချက်ကိုစိစစ်၍ ဝန်ကြီးဌာနသို့ တင်ပြခြင်း၊

(ဃ) သင်ယူတတ်မြောက်မှုအဆင့်ကို စစ်ဆေးအကဲဖြတ်ခြင်းနှင့် စာမေးပွဲကျင်းပခြင်းဆိုင်ရာနည်းစနစ်များကို စိစစ်၍ ဝန်ကြီးဌာနသို့ တင်ပြခြင်း၊

(င) သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့်ကျောင်းသုံးစာအုပ်လုပ်ငန်းတာဝန်များကိုဆောင်ရွက်ရာတွင် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် အောက်ပါအဖွဲ့ငယ်များဖြင့် ဖွဲ့စည်းဆောင်ရွက်ခြင်း -

(၁) ဘာသာရပ်အလိုက် သို့မဟုတ် ဘာသာရပ်အုပ်စုအလိုက် အဖွဲ့ငယ်များ၊

(၂) တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းအဖွဲ့ငယ်များ၊

(၃) ကျောင်းသုံးစာအုပ်များစိစစ်ရေး၊ အသိအမှတ်ပြုရေးစသည်တို့ကိုဆောင်ရွက်ရမည့်အဖွဲ့ငယ်များ။

(စ) အခြေခံပညာသင်ရိုးညွှန်းတမ်းနှင့် ကျောင်းသုံးစာအုပ်များ ရေးဆွဲပြဋ္ဌာန်းခြင်းနှင့်စပ်လျဉ်း၍ အစည်းအဝေးများကို အခါအားလျော်စွာ ကျင်းပခြင်း။

၁၅။ ဝန်ကြီးဌာနသည် -

(က) အခြေခံပညာသင်ရိုးညွှန်းတမ်းနှင့် ကျောင်းသုံးစာအုပ်ကော်မတီက စိစစ်တင်ပြလာသော အခြေခံပညာရေး သင်ရိုးညွှန်းတမ်းစံများကို အတည်ပြုနိုင်ရန်အတွက် အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီသို့ စိစစ်တင်ပြရမည်။

(ခ) အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီက အတည်ပြုထားသော သင်ရိုးညွှန်းတမ်းစံများကို ပြဋ္ဌာန်းရမည်။

(ဂ) အခြေခံပညာသင်ရိုးညွှန်းတမ်းနှင့် ကျောင်းသုံးစာအုပ်ကော်မတီက စိစစ်တင်ပြလာသော အခြေခံပညာသင်ရိုးညွှန်းတမ်း အညွှန်းဘောင်နှင့်ကျောင်းသုံးစာအုပ်များကိုစိစစ်၍ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီ၏ အတည်ပြုချက်ဖြင့် ပြဋ္ဌာန်းပေးရမည်။

၁၆။ အခြေခံပညာသင်ရိုးညွှန်းတမ်းရေးဆွဲနိုင်ရန်နှင့်ကျောင်းသုံးစာအုပ်များ ပြဋ္ဌာန်းရန်တာဝန်ပေးအပ်ခြင်းခံရသော ဦးစီးဌာနရှိ သင်ရိုးညွှန်းတမ်းဌာနသည် -

(က) သင်ရိုးညွှန်းတမ်းရေးဆွဲရာတွင် အောက်ပါအချက်များပါရှိစေရန် စီစဉ်ဆောင်ရွက်ရမည် -

(၁) သင်ရိုးညွှန်းတမ်းသည် လက်တွေ့ဘဝနှင့် ဆက်စပ်မှုရှိရေး၊

(၂) မူကြို၊ သူငယ်တန်း၊ မူလတန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့် သင်ရိုးညွှန်းတမ်းများ အဆက်အစပ်ရှိရေး၊

(၃) ဒေသဆိုင်ရာလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သော အခွင့်အလမ်းများဖန်တီးပေးနိုင်ရေး၊

(၄) တွေးခေါ်ကြံဆဝေဖန်ပိုင်းခြားနိုင်ပြီး ဒီမိုကရေစီအလေ့အကျင့်ကောင်းများရရှိကာ ဘက်စုံဖွံ့ဖြိုးသည့် နိုင်ငံသားများဖြစ်ထွန်းလာစေရေး၊

(၅) ကျန်းမာကြံ့ခိုင်သော နိုင်ငံသားများ ပေါ်ထွန်းလာစေရန် အားကစားနှင့် ကာယပညာလုပ်ငန်းများ၊ ကျောင်းကျန်းမာရေးလုပ်ငန်းများကို ထိရောက်စွာအကောင်အထည်ဖော်ရေး၊

(၆) သင်ရိုးညွှန်းတမ်းသည် ခေတ်ကာလအခြေအနေလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ပြီး နိုင်ငံတကာပညာရေးသင်ရိုးညွှန်းတမ်းနှင့် လိုက်လျောညီထွေမှုရှိရေး၊

(၇) အင်္ဂလိပ်စာကို မူလတန်းမှစ၍ သင်ကြားရေး၊

(၈) အခြေခံပညာအဆင့်ဘာသာရပ်များကိုတန်းတူတန်ဖိုးထား၍ တက္ကသိုလ်ပညာ၊ နည်းပညာနှင့် သက်မွေးပညာရပ်များကို ဆက်လက်သင်ယူနိုင်မည့် အခြေခံကောင်းများကို လေ့ကျင့်ပျိုးထောင်ပေးနိုင်သော သင်ရိုးညွှန်းတမ်းဖြစ်ရေး၊

(၉) တိုင်းရင်းသားဖတ်စာအုပ်များကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့်ပြုစုပြီး အခြေခံပညာသင်ရိုးညွှန်းတမ်းနှင့် ကျောင်းသုံးစာအုပ်အဖွဲ့က စိစစ်တင်ပြရေး၊

(၁၀) ပြည်ထောင်စုတိုင်းရင်းသားတို့၏ ဘာသာစကား၊ စာပေ၊ အနုပညာနှင့်ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်စေရန်နှင့် တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီရေးတို့ တိုးတက်ဖြစ်ထွန်းစေရန် ဆောင်ရွက်ရေး၊

(၁၁) မသန်စွမ်းသူများအတွက် လူတိုင်းအကျုံးဝင်ပညာရေးအရ ပညာသင်ယူခွင့်ရရှိစေရန် အထူးပညာရေးလိုအပ်ချက်နှင့်အညီ ပေါင်းစပ်သင်ကြားနိုင်ရန် ဆောင်ရွက်ရေး။

(ခ) အခြေခံပညာအဆင့်လိုက် လေ့လာသင်ယူမှုနယ်ပယ်များကို အောက်ပါအတိုင်း သတ်မှတ်ဆောင်ရွက်နိုင်သည် -

(၁) ဘာသာစကား၊ သင်္ချာ၊ သိပ္ပံနှင့် လူမှုရေးဘာသာရပ်ဆိုင်ရာ နယ်ပယ်များအတွက်လိုအပ်သော အသိပညာ၊ သဘောထားများနှင့် ကျွမ်းကျင်မှုများဖွံ့ဖြိုးတိုးတက်ရေး လေ့လာသင်ယူရန် စီစဉ်နိုင်ခြင်း၊

(၂) ဘက်စုံဖွံ့ဖြိုးမှုရရှိရန်အတွက် ပညာရေးလက်တွေ့ဖွံ့ဖြိုးမှု နယ်ပယ်အလိုက်လိုအပ်သော ကျွမ်းကျင်မှုများကို လေ့လာသင်ယူရန် စီစဉ်နိုင်ခြင်း၊

(၃) သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာများအပါအဝင် ခေတ်နှင့်လျော်ညီသောနည်းပညာများကိုလေ့လာသင်ယူရန်စီစဉ်နိုင်ခြင်း။

(ဂ) သင်ကြားသင်ယူမှုနည်းလမ်းများကို ရွေးချယ်ရာတွင် အောက်ပါအချက်တို့ကို အခြေခံသည် -

(၁) ကျောင်းသားတစ်ဦးချင်းစီ၏ကိုယ်တိုင်ပါဝင်ဆောင်ရွက်မှု၊ စူးစမ်းလေ့လာမှု၊ ဆင်ခြင်စဉ်းစားနိုင်မှု၊ ဝေဖန်သုံးသပ်နိုင်မှု၊ ဆုံးဖြတ်နိုင်မှု၊ တာဝန်ယူတတ်မှုတို့ကို ပြုစုပျိုးထောင်ပေးနိုင်ရန် ကျောင်းသားဗဟိုပြုချဉ်းကပ်နည်းအပါအဝင် ထိရောက်သောသင်ကြားသင်ယူနည်းများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(၂) ကျောင်းသားများ၏ စိတ်ပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာ အခြေအနေများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကောင်းစွာထောက်ပံ့ပေးနိုင်သည့်သင်ယူမှုဝန်းကျင်ကောင်းကို စီစဉ်ဖန်တီးပေးသည့် နည်းလမ်းများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။

(ဃ) တတ်မြောက်မှု စစ်ဆေးအကဲဖြတ်နည်းများ၊ စာမေးပွဲကျင်းပ စစ်ဆေးနည်းများနှင့်စပ်လျဉ်း၍ အောက်ပါအချက်တို့ကို ကျင့်သုံးမည် -

(၁) တတ်မြောက်မှုစစ်ဆေးခြင်းများသည် သင်ရိုးညွှန်းတမ်းကို အခြေခံ၍ ဘက်စုံပညာရေးကို မျှော်မှန်းသောသင်ယူမှုရလဒ်များ ပေါက်မြောက်အောင်မြင်မှု အခြေအနေကို စစ်ဆေးသည့် တတ်ကျွမ်းမှုအခြေပြုအကဲဖြတ်နည်းစနစ်ကို အကောင်အထည်ဖော်ခြင်း၊

(၂) တတ်မြောက်မှု စစ်ဆေးခြင်းများနှင့် အတန်းကူးပြောင်းမှုစစ်ဆေးခြင်းများကို စစ်ဆေးမှုဆိုင်ရာနည်းပညာများနှင့်အညီ စနစ်တကျစစ်ဆေးခြင်း၊

(၃) အခြေခံပညာမူလတန်းအဆင့်နှင့် အလယ်တန်းအဆင့်ပြီးဆုံးချိန်တွင် အဆင့်အလိုက် တတ်မြောက်မှုစာမေးပွဲများကို စစ်ဆေးခြင်း၊

(၄) အခြေခံပညာ အထက်တန်းအဆင့်စာမေးပွဲကို ဗဟိုအဆင့်ကကြီးမှူးကျင်းပရမည်ဖြစ်ပြီး အခြေခံပညာပြီးဆုံးချိန်တွင်ရှိသော တတ်မြောက်မှုအဆင့်ကို စစ်ဆေးသောစာမေးပွဲဖြစ်ခြင်း။

## အခန်း (၇)
## အခြေခံပညာရေးစီမံခန့်ခွဲမှု

၁၇။ အခြေခံပညာရေးဆိုင်ရာ စီမံခန့်ခွဲမှုကို ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တို့နှင့်ညှိနှိုင်း၍ တာဝန်ခွဲဝေဆောင်ရွက်မည်။

၁၈။ အခြေခံပညာကျောင်းများ၏ စီမံခန့်ခွဲမှုဆိုင်ရာလုပ်ထုံးလုပ်နည်းများကိုဦးစီးဌာနကသတ်မှတ်ပြီး ဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် ဆောင်ရွက်ရမည်။

၁၉။ ဦးစီးဌာနသည် အောက်ပါအခြေခံပညာရေးစီမံခန့်ခွဲမှုတို့ကို ဆောင်ရွက်ရမည် -

(က) သင်ကြားသင်ယူမှုဆိုင်ရာ စီမံခန့်ခွဲမှု၊

(ခ) ကျောင်းသားရေးရာ စီမံခန့်ခွဲမှု၊

(ဂ) ဝန်ထမ်းရေးရာစီမံခန့်ခွဲမှု၊

(ဃ) ကျောင်း၊ ရုံးအဆောက်အအုံနှင့် ရုပ်ပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှု၊

(င) ဘဏ္ဍာရေးစီမံခန့်ခွဲမှု၊

(စ) စီမံကိန်းနှင့် စာရင်းအချက်အလက်များစီမံခန့်ခွဲမှု။

၂၀။ သင်ကြားသင်ယူမှုဆိုင်ရာစီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ဦးစီးဌာနသည် ကျောင်းအဆင့်တွင် ကျောင်းအုပ်ကြီး၏ သင်ကြားသင်ယူမှုဆိုင်ရာ ဦးဆောင်မှုပေးခြင်း၊ သင်ယူမှုဝန်းကျင်ကောင်းဖြစ်လာရန် အဘက်ဘက်မှပံ့ပိုးခြင်း၊ စာသင်ခန်းအဆင့်တွင် စာသင်ခန်းကိုစနစ်တကျ စီမံအုပ်ချုပ်ခြင်း၊ သင်ကြားသင်ယူမှုဆိုင်ရာနည်းနာများကို အသုံးပြုခြင်း၊ တတ်မြောက်မှုကိုစနစ်တကျအကဲဖြတ်ခြင်းနှင့် မှတ်တမ်းထားခြင်းတို့ကိုလမ်းညွှန်ကြီးကြပ်ရမည်။

၂၁။ ကျောင်းသားရေးရာစီမံခန့်ခွဲမှုနှင့် စပ်လျဉ်း၍၍ဦးစီးဌာနသည် ကျောင်းသားများ၏ ဘက်စုံဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာလုပ်ငန်းများကို လမ်းညွှန်ကြီးကြပ်ရမည်။

၂၂။ ဝန်ထမ်းရေးရာ စီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ ဦးစီးဌာနသည် -

(က) လုပ်ငန်းအလိုက် ရာထူးအဆင့်များနှင့် တာဝန်ဝတ္တရားများသတ်မှတ်ရေး၊ ရာထူးတိုးမြှင့်ရေး၊ ပြောင်းရွှေ့ရေး၊ ခန့်ထားရေး၊ ရာထူးအဆင့်အလိုက် လိုအပ်သော တာဝန်ယူမှုနှင့်တာဝန်ခံနိုင်မှု ရှိရေးတို့ကို နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်။

(ခ) ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်မားရေးအတွက် စဉ်ဆက်မပြတ် လေ့ကျင့်သင်ကြားပေးနိုင်မည့် အစီအစဉ်များ၊ သင်တန်းကျောင်းများဖွင့်လှစ် ဆောင်ရွက်ရမည်။

၂၃။ ကျောင်း၊ ရုံးအဆောက်အအုံနှင့် ရုပ်ပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုနှင့် စပ်လျဉ်း၍ ဦးစီးဌာနသည် ဒေသလိုအပ်ချက်နှင့်လျော်ညီသော စံချိန်စံညွှန်းများသတ်မှတ်ရေး၊ လုံခြုံမှုရှိပြီး သင်ကြားသင်ယူမှုကို အထောက်အပံ့ပြုသော သင်ယူမှုဝန်းကျင်ဖြစ်ရေးတို့ကို စီမံဆောင်ရွက်ရမည်။

၂၄။ ဘဏ္ဍာရေးစီမံခန့်ခွဲမှုနှင့် စပ်လျဉ်း၍ ဦးစီးဌာနသည် ခွဲဝေရရှိသောဘဏ္ဍာငွေကို စီမံခန့်ခွဲရာ၌ တည်ဆဲဘဏ္ဍာရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ စီမံခန့်ခွဲရေး၊ ထင်သာမြင်သာရှိရေး၊ သာတူညီမျှမှုရှိရေး၊ အဆင့်ဆင့် စစ်ဆေးခံနိုင်မှုရှိရေးတို့ကို ဦးတည်ဆောင်ရွက်ရမည်။

၂၅။ စီမံကိန်းနှင့် စာရင်းအင်းအချက်အလက်များ စီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ ဦးစီးဌာနသည် -

(က) စာရင်းအင်းများတိကျမှန်ကန်ပြီး အရည်အသွေးမြင့်မားသည့် ပညာရေး စာရင်းအင်းစနစ်ကို အကောင်အထည်ဖော်ရန်အတွက် ကျောင်းအုပ်ကြီးများက မြို့နယ်ပညာရေးမှူးရုံးသို့ လစဉ် အစီရင်ခံရမည်။ မြို့နယ်ပညာရေးမှူးရုံးသည် သက်ဆိုင်ရာမြို့နယ်အတွက် စာရင်းချုပ်ကို ခရိုင်ပညာရေးမှူးရုံး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ပညာရေးမှူးရုံးနှင့် ဦးစီးဌာနသို့ အဆင့်ဆင့် တင်ပြရမည်။ ဦးစီးဌာနသည် ပညာရေးစာရင်းအင်းများကို တစ်နှစ်လျှင် တစ်ကြိမ် ထုတ်ပြန်ကြေညာရမည်။

(ခ) အခြေခံပညာရေးအဆင့်အလိုက် ပညာရေးစီမံခန့်ခွဲမှုဆိုင်ရာ သတင်းအချက်အလက်စနစ်ကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

(ဂ) အမျိုးသားအဆင့် လူတိုင်းအတွက်ပညာရေးဆိုင်ရာ အညွှန်းကိန်းများဖြင့် အခြေခံပညာအဆင့်အလိုက် အကောင်အထည်ဖော်မှုကို လေ့လာကြီးကြပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်းတို့ကို ဆောင်ရွက်ရမည်။

၂၆။ ဆရာများအပါအဝင် ပညာရေးဝန်ထမ်းများ၏ စွမ်းဆောင်ရည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး အတွက် ပုဒ်မ ၁၁ (ခ) အရ သင်ကြားသင်ယူမှုနှင့် အုပ်ချုပ်မှုစွမ်းရည်များမြှင့်တင်ခြင်းနှင့် စပ်လျဉ်း၍ ဝန်ကြီးဌာနမှ တာဝန်ပေးအပ်သော ညွှန်ကြားရေးမှူးချုပ်သည် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် -

(က) အခြေခံပညာကျောင်းများရှိ ဆရာများနှင့် ကျောင်းအုပ်ကြီးအပါအဝင် အခြေခံပညာရေးစီမံခန့်ခွဲမှု အဆင့်ဆင့်ရှိ ဝန်ထမ်းများအတွက် ကျွမ်းကျင်မှု စံသတ်မှတ်ခြင်းနှင့် အဆိုပါစံများနှင့်အညီ အကောင်အထည်ဖော်မည့် လုပ်ငန်းစဉ်များ စီစဉ်ရေးဆွဲခြင်း၊

(ခ) အတွင်းအရည်အသွေးအာမခံမှု အကဲဖြတ်ခြင်းလုပ်ငန်း၏ သုံးသပ်တင်ပြချက်များကို အခြေပြုပြီး ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်မှု အစီအစဉ်များ ရေးဆွဲအကောင်အထည်ဖော်နိုင်ရန် လမ်းညွှန်ကြီးကြပ်ခြင်း၊

(ဂ) ပုဒ်မခွဲ (ခ) ပါ အစီအစဉ်များကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် သက်ဆိုင်ရာ ဌာနများနှင့် ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးခြင်း၊

(ဃ) ဆရာများအပါအဝင် အခြေခံပညာရေးဝန်ထမ်းများ စဉ်ဆက်မပြတ်စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက် စေရန် လုပ်ငန်းခွင်သင်တန်းများ ပုံမှန်ဖွင့်လှစ်ပေးရေးအတွက် သင်တန်းကျောင်းများ၊ သင်တန်း ဌာနများ ဖွင့်လှစ်ဆောင်ရွက်ခြင်း၊

(င) အခြေခံပညာရေးစနစ် အစဉ်တိုးတက်ဖွံ့ဖြိုးစေရန် ပညာရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းများ၊ အစီအစဉ်များ၊ စီမံကိန်းများနှင့် စီမံချက်များကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်မည့် စွမ်းဆောင်ရည် မြှင့်မားရေးသင်တန်းများစီစဉ်ခြင်း၊

(စ) ဆရာများ၏ သင်ကြားမှု စွမ်းဆောင်ရည်များ စဉ်ဆက်မပြတ် တိုးတက်စေရန်အတွက် ကျောင်းအခြေပြု ဆရာအတတ်ပညာ အစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဆ) အခြေခံပညာကျောင်းများရှိ ဆရာများက ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်းများရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် သင်ရိုးညွှန်းတမ်းပံ့ပိုးမှုအဖွဲ့များကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက် ဖွဲ့စည်းဆောင်ရွက်ရာတွင် လမ်းညွှန်ပံ့ပိုးမှုပေးခြင်း၊

(ဇ) အခြေခံပညာရေးဝန်ထမ်းများ၏ သင်ကြားမှုနှင့် စီမံခန့်ခွဲမှုစွမ်းဆောင်ရည် မြင့်မားရေးအတွက် ဝန်ကြီးဌာန၏ညွှန်ကြားချက်နှင့်အညီ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်ခြင်း။

၂၇။ ပုဒ်မ ၂၆ ပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် ဝန်ကြီးဌာနသို့တင်ပြပြီး ဦးစီးဌာနအဆင့်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်၊ ကျောင်းအဆင့်ဖြင့် အဆင့်ဆင့်စီမံဆောင်ရွက်ရမည်။

၂၈။ ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဝန်ကြီးဌာနမှ ခွင့်ပြုထားသည့် အခြေခံပညာအဆင့်စီမံကိန်းနှင့် စီမံချက်များကို သက်ဆိုင်ရာ ဦးစီးဌာနအလိုက် စနစ်တကျ စီမံခန့်ခွဲရမည်။

၂၉။ ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများသည် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၊ ပရဟိတကျောင်း၊ ရွှေ့လျားနှင့်အရေးပေါ်ကျောင်းများ၊ ရပ်ရွာပညာပဒေသာဌာနများ၊ ရပ်ရွာအခြေပြုပညာရေး အစီအစဉ်များနှင့် ကျောင်းပြင်ပအခြေခံပညာရေး အစီအစဉ်များကို ဒေသ၏လိုအပ်ချက်၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး လိုအပ်ချက်တို့နှင့်အညီ စိစစ်ခွင့်ပြုပြီး ပညာသင်ကာလအတွင်း ထောက်ပံ့ကြေးနှင့် အခြားအကျိုးခံစားခွင့်များကို လိုအပ်ချက်နှင့်အညီ ကူညီထောက်ပံ့ပေးရမည့်အပြင် လိုအပ်သည့်ပညာရပ်နှင့် သတ်မှတ်ထားသော ကျောင်းအဆင့်အတန်းရောက်ရှိစေရန် နည်းပညာ၊ ကျွမ်းကျင်သူနှင့် သင်ကြားရေး အထောက်အကူများ ပံ့ပိုးပေးရမည်။

## အခန်း (၈)

## အရည်အသွေးအကဲဖြတ်မှုနှင့် အရည်အသွေးအာမခံမှု

၃၀။ အမျိုးသားပညာရေးမူဝါဒကော်မရှင်က ချမှတ်ထားသော အရည်အသွေးအာမခံမှု စံချိန်စံညွှန်းဆိုင်ရာ မူဝါဒများနှင့်အညီ အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှုအကဲဖြတ် ကော်မတီ၏ လမ်းညွှန်မှုဖြင့် အခြေခံပညာ၏ အရည်အသွေးအာမခံမှုကို ဆောင်ရွက်မည်။

၃၁။ အခြေခံပညာရေးအဆင့်အားလုံးတွင် ပညာအရည်အသွေးအာမခံမှုအတွက် ကျောင်းတွင်းမှ ကျွမ်းကျင်သောပုဂ္ဂိုလ်များဖြင့် ဆောင်ရွက်ခြင်းလုပ်ငန်းဖြစ်သည့် အတွင်းအရည်အသွေးအာမခံမှုနှင့် ကျောင်းပြင်ပမှ ကျွမ်းကျင်သောပုဂ္ဂိုလ်များဖြင့် ဆောင်ရွက်ခြင်းလုပ်ငန်းဖြစ်သည့် ပြင်ပအရည်အသွေးအာမခံမှု လုပ်ငန်းနှစ်ရပ်ပါဝင်သော အခြေခံပညာအရည်အသွေး အာမခံမှုစနစ်တစ်ခုရှိရမည်။

၃၂။ အခြေခံပညာအရည်အသွေးအာမခံမှုစနစ်တွင် ကျောင်းအဆင့်အကဲဖြတ်ခြင်း၊ ဆရာများနှင့် စီမံခန့်ခွဲအုပ်ချုပ်သူများကို အကဲဖြတ်ခြင်း၊ သင်ယူသူများ၏အောင်မြင်မှုကို အကဲဖြတ်ခြင်း၊ တတ်မြောက်မှုစစ်ဆေးလွှာများကို အကဲဖြတ်ခြင်း၊ သင်ရိုးညွှန်းတမ်းအကဲဖြတ်ခြင်း၊ စီမံချက်၊ စီမံကိန်းများအကဲဖြတ်ခြင်း၊ အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်ကို အကဲဖြတ်ခြင်းနှင့် အခြေခံပညာရေးဆိုင်ရာအခြေခံမှုများကို အကဲဖြတ်ခြင်းများအပါအဝင် အကဲဖြတ်ရမည့် နယ်ပယ်များအကျုံးဝင်သည်။ ထို့ပြင် အခြေခံပညာအရည်အသွေးအာမခံမှု အကဲဖြတ်ခြင်းနှင့် သက်ဆိုင်သော အခြားလိုအပ်သည့် လုပ်ငန်းများကိုလည်း ဆောင်ရွက်ရမည်။

၃၃။ အတွင်းအရည်အသွေးအာမခံမှုလုပ်ငန်းကို ကျွမ်းကျင်သောပုဂ္ဂိုလ်များဖြင့် စိစစ်အကဲဖြတ်ရာတွင်-

(က) မိမိတို့ကျောင်းအလိုက် အကဲဖြတ်သုံးသပ်ခြင်းနှင့်

(ခ) ကျောင်းစစ်ဆေးရေးအဖွဲ့များကို အတွင်းအရည်အသွေးအာမခံမှု အကဲဖြတ်အဖွဲ့များအဖြစ် တာဝန်ပေးဆောင်ရွက်ခြင်းတို့ အကျုံးဝင်ရမည်။

၃၄။ အခြေခံပညာရေးလုပ်ငန်းများ လေ့လာကြီးကြပ်ရေးနှင့်အကဲဖြတ်ခြင်းတို့တွင် ဝန်ကြီးဌာနမှ တာဝန်ပေးအပ်သော ညွှန်ကြားရေးမှူးချုပ်သည် အောက်ပါလုပ်ငန်း တာဝန်များကို ဆောင်ရွက်ရမည် -

(က) အမျိုးသားပညာရေးအဆင့်အတန်းနှင့်အရည်အသွေးအာမခံမှု အကဲဖြတ်ကော်မတီနှင့်ညှိနှိုင်းလျက် အခြေခံပညာကျောင်းများနှင့် ရုံးများအတွက် အရည်အသွေးစံသတ်မှတ်ချက်များ၊ အညွှန်းကိန်းများ၊ အရည်အသွေးအာမခံမှုနှင့် အကဲဖြတ်မှုဆိုင်ရာ လုပ်ငန်းစဉ်များ ရေးဆွဲသတ်မှတ်ခြင်း၊

(ခ) ဦးစီးဌာနအဆင့်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်တို့တွင် ထားရှိသော ကျောင်းစစ်ဆေးရေးအဖွဲ့များကို အတွင်းအရည်အသွေးအာမခံမှု အကဲဖြတ်အဖွဲ့များ အဖြစ် တာဝန်ပေးပြီး၊ ပုဒ်မ ၃၂ အရ သတ်မှတ်ထားသော အကဲဖြတ်နယ်ပယ်များအလိုက်စဉ်ဆက် မပြတ်အကဲဖြတ် ဆောင်ရွက်ရန် ကြီးကြပ်လမ်းညွှန်ခြင်းနှင့် ယင်းအဖွဲ့များ၏ တင်ပြချက်များကို အရေးယူဆောင်ရွက်နိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(ဂ) အခြေခံပညာကျောင်းများနှင့်ရုံးများတွင် အတွင်းအရည်အသွေးအာမခံမှုစနစ်များထူထောင်ထားရှိ ဆောင်ရွက်ရန် ကြီးကြပ်လမ်းညွှန်ခြင်း၊

(ဃ) အတွင်းအရည်အသွေးအကဲဖြတ်မှု အစီရင်ခံစာကို အခြေခံပညာကျောင်းများနှင့် ရုံးများက ထုတ်ပြန်ရန် ကြီးကြပ်ခြင်း၊

(င) အခြေခံပညာရေးကဏ္ဍ၏ အတွင်းအရည်အသွေးအာမခံမှုအကဲဖြတ်မှုဆိုင်ရာနှစ်စဉ်အစီရင်ခံစာကို ဝန်ကြီးဌာနသို့ တင်ပြခြင်း၊

(စ) အခြေခံပညာရေးကဏ္ဍ၏ အတွင်းအရည်အသွေးအာမခံမှုလုပ်ငန်းများကို ဆောင်ရွက်ကြသည့် ဝန်ထမ်းများအတွက် စဉ်ဆက်မပြတ် စွမ်းဆောင်ရည်ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ဆ) ပြင်ပအရည်အသွေးအာမခံမှု အကဲဖြတ်အဖွဲ့များသို့ လိုအပ်သောအထောက်အထားများ၊ စာရွက် စာတမ်းများတင်ပြရန် အခြေခံပညာကျောင်းများ၊ ရုံးများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဇ) အရည်အသွေးအကဲဖြတ်မှုရလဒ်ကို အခြေပြု၍ အခြေခံပညာရေးစနစ်၏ စွမ်းဆောင်ရည်ကို လေ့လာသုံးသပ်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် ပညာရေးသုတေသနလုပ်ငန်းများကို သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန် ကြီးကြပ်လမ်းညွှန်ခြင်း။

၃၅။ အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှုအကဲဖြတ်ကော်မတီ၏ သုံးသပ် အကြံပြုချက်များကို ဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ သက်ဆိုင်ရာဦးစီးဌာနများက အဆင့်အလိုက် အကောင်အထည်ဖော်ရမည်။

## အခန်း (၉)
## ကျောင်းပြင်ပ ပညာရေး

၃၆။ ကျောင်းပြင်ပ ပညာရေးအစီအစဉ်များ အကောင်အထည်ဖော်ရန် ဝန်ကြီးဌာနမှတာဝန်ပေးအပ်သော ညွှန်ကြားရေးမှူးချုပ်သည် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် -

(က) အမျိုးသားပညာရေးဥပဒေပါကျောင်းပြင်ပ ပညာရေးဆိုင်ရာအခြေခံမူများနှင့်အညီ ကျောင်းပြင်ပ ပညာရေးလုပ်ငန်းများ အကောင်အထည်ဖော်ရန် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ခ) ကျောင်းပြင်ပပညာရေးနှင့်ကျောင်းပညာရေးတို့ အပြန်အလှန်ကူးပြောင်းနိုင်သည့်တန်းညှိပညာရေး အစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဂ) ကျောင်းပြင်ပပညာရေးဆိုင်ရာလုပ်ငန်းများအောင်မြင်စေရန် ဌာနများ၊ ရပ်ရွာအခြေပြုအဖွဲ့အစည်း များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းအသီးသီးတို့၏ ဆောင်ရွက်မှုကို ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(ဃ) ကျောင်းပြင်ပပညာရေးဆိုင်ရာလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနကိုတာဝန်ခံဆောင်ရွက်ခြင်း။

၃၇။ ကျောင်းပြင်ပ ပညာရေးနှင့် ကျောင်းပညာရေးတို့ အပြန်အလှန်ကူးပြောင်းနိုင်ရေးအတွက် တန်းညှိထားသည့် သင်ရိုးညွှန်းတမ်းစံသတ်မှတ်ချက်များ၊ စစ်ဆေးအကဲဖြတ်နည်းများအသုံးပြုလျက် အကောင်အထည်ဖော်ဆောင်ရွက်မည်။

၃၈။ တန်းညှိပညာရေးအစီအစဉ်အရ ကျောင်းပြင်ပပညာရေးသင်ရိုးညွှန်းတမ်းများရေးဆွဲရာတွင် အခြေခံပညာသာမက ဒေသလိုအပ်ချက်နှင့်ကိုက်ညီပြီး လက်တွေ့အသုံးချနိုင်မည့် အခြေခံသက်မွေးပညာကိုပါ ပေးစွမ်းရန်အတွက် ထည့်သွင်းရေးဆွဲရမည်။

၃၉။ ကျောင်းပြင်ပ ပညာရေးအစီအစဉ်တွင် စာတတ်မြောက်ရေးအစီအစဉ်များမှသည် ရပ်ရွာလူထုဘဝဖွံ့ဖြိုးရေးအတွက် အခြေခံသက်မွေး ပညာရေးအပါအဝင် ဝင်ငွေတိုးပွားရေးအစီအစဉ်၊ ကျောင်းပညာရေးနှင့် တန်းညှိအစီအစဉ်၊ ဘဝအရည်အသွေးမြှင့်တင်ရေး အစီအစဉ်အပါအဝင် ပညာပေးအစီအစဉ်များကို ဆောင်ရွက်မည်။

၄၀။ ကျောင်းပြင်ပ ပညာရေးဖြင့်ဖြစ်စေ၊ ကျောင်းပညာရေးဖြင့်ဖြစ်စေ အကောင်အထည်ဖော်မည့် ပညာပေးအစီအစဉ်များကို ရပ်ရွာပညာပဒေသာဌာနများ ထူထောင်၍ ဆောင်ရွက်မည်။

၄၁။ အခြေခံပညာအဆင့်ကျောင်းပညာရေးနှင့် ကျောင်းပြင်ပပညာရေးလုပ်ငန်းများကို ရပ်ကွက်နှင့် ကျေးရွာများတွင် ပူးတွဲသင်ကြားနိုင်ရေးအတွက် အစိုးရအဖွဲ့နှင့်ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အဆင့်ဆင့်တို့၏ အကူအညီကိုရယူ၍ အကောင်အထည်ဖော် ဆောင်ရွက်နိုင်သည်။

၄၂။ ကျောင်းပြင်ပပညာရေးလုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်ရေးအတွက် ဝန်ကြီးဌာနမှ ညှိနှိုင်းပေးထားသော ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မည်။

၄၃။ ကျောင်းပြင်ပ ပညာရေးလုပ်ငန်းများ ထိရောက်စွာဆောင်ရွက်နိုင်ရန် ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ကျောင်းပြင်ပပညာရေးဌာနခွဲကိုဖွဲ့စည်းတည်ထောင်ပြီး အဆိုပါဌာနခွဲအားလိုအပ်လျှင်အဆင့်မြှင့်ဖွဲ့စည်းနိုင်သည်။

၄၄။ ကိုယ်တိုင်သင်ယူ ပညာရေး အကောင်အထည်ဖော်ရန်အတွက် ဝန်ကြီးဌာနသည် ကျောင်းပညာရေး၊ ကျောင်းပြင်ပပညာရေးတို့နှင့် ဆက်စပ်ဆောင်ရွက်ရန် အစီအစဉ်များ ချမှတ်ရမည်။

## အခန်း (၁၀)
## ဆရာအတတ်ပညာရေး

၄၅။ ဆရာအတတ်ပညာရေးစနစ်တွင် အောက်ပါကဏ္ဍနှစ်ရပ် ပါဝင်သည် -

(က) လုပ်ငန်းခွင်အကြိုဆရာအတတ်ပညာရေး၊

(ခ) လုပ်ငန်းခွင်ဆရာအတတ်ပညာရေး။

၄၆။ ပုဒ်မ ၄၅ ပါ ကဏ္ဍနှစ်ရပ်ကို အောက်ပါနည်းလမ်းများဖြင့် အကောင်အထည်ဖော်နိုင်သည် -

(က) သင်တန်းကျောင်း၊ ကောလိပ်၊ ဒီဂရီကောလိပ်နှင့် တက္ကသိုလ်များတွင် ပုံမှန်တက်ရောက်သင်ယူခြင်း၊

(ခ) အဝေးသင်ပညာရေးနည်းလမ်းဖြင့် သင်ယူခြင်း၊

(ဂ) ပုဒ်မခွဲ (က) နှင့် (ခ) ပါ နည်းလမ်းများကို ပေါင်းစပ်သင်ယူခြင်း၊

(ဃ) လုပ်ငန်းခွင်အခြေပြုသင်တန်းများတွင် တက်ရောက်သင်ယူခြင်း။

၄၇။ ပညာရေးအဆင့်အလိုက် ကျွမ်းကျင်မှု ရရှိစေရန် လုပ်ငန်းခွင်အကြိုဆရာအတတ် ပညာရေးအစီအစဉ်များကို အောက်ပါအတိုင်း ဆောင်ရွက်မည် -

(က) မူကြိုပညာရေးအထူးပြု၊

(ခ) မူလတန်းပညာရေးအထူးပြု၊

(ဂ) အလယ်တန်းအဆင့်ဘာသာရပ်အထူးပြု၊

(ဃ) အထက်တန်းအဆင့် ဘာသာရပ်အထူးပြု။

၄၈။ ဆရာအတတ်ပညာရေးနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနမှတာဝန်ပေးအပ်သော ညွှန်ကြားရေးမှူးချုပ်သည် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် -

(က) အရည်အသွေးကောင်းမွန်ပြည့်ဝသည့် လုပ်ငန်းခွင်အကြိုဆရာအတတ်ပညာသင်တန်းများနှင့် လုပ်ငန်းခွင်ဆရာအတတ်ပညာသင်တန်းပေးခြင်းများ စဉ်ဆက်မပြတ်ဆောင်ရွက်ခြင်း၊

(ခ) ဆရာများ၏တတ်ကျွမ်းမှုစံများကိုသတ်မှတ်ပြီး ဆရာအတတ်ပညာဆိုင်ရာ ဘွဲ့၊ ဒီပလိုမာ၊ လက်မှတ်များနှင့်အညီ သင်ကြားခွင့်လိုင်စင်စနစ်ကို သင့်လျော်သည့်ကာလတွင် ကျင့်သုံးဆောင်ရွက်ခြင်း၊

(ဂ) သင်ကြားခွင့်လိုင်စင်ထုတ်ပေးခြင်း၊ ပြင်းပယ်ခြင်း၊ သက်တမ်းတိုးမြှင့်ခြင်း၊ ရပ်ဆိုင်းခြင်း၊ ပယ်ဖျက်ခြင်းတို့ကို သက်ဆိုင်ရာစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ခြင်း၊

(ဃ) ဆရာအတတ်ပညာရေးနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနက အခါအားလျော်စွာပေးအပ်သည့် တာဝန်များကို ထမ်းဆောင်ခြင်း။

၄၉။ ဝန်ကြီးဌာနသည် ပညာရေးတက္ကသိုလ်၊ ဆရာအတတ်ပညာဦးစီးဌာနအောက်ရှိ ပညာရေးကောလိပ်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနအောက်ရှိ ဆရာအတတ်ပညာသင်ဌာနများနှင့် ပုဂ္ဂလိကကဏ္ဍရှိ ဆရာအတတ်ပညာသင်ဌာနများကို ပေါင်းစပ်ညှိနှိုင်းရန်အတွက် ဆရာအတတ်ပညာရှင်အဖွဲ့ကို ဖွဲ့စည်းနိုင်သည်။

## အခန်း (၁၁)

## ဆရာများ၏တာဝန်ဝတ္တရားများနှင့် အခွင့်အလမ်းများ

၅၀။ ဆရာများသည် နိုင်ငံတော်နှင့် လူ့အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျယ်ပြန့်သော အမြင်ရှိရမည်။ ဒီမိုကရေစီအလေ့အကျင့်ကိုမြတ်နိုး၍ ကာကွယ်စောင့်ရှောက်မှုပေးရမည့်အပြင် ဖွံ့ဖြိုးစေရန် ဆောင်ရွက်ရမည်။

၅၁။ ဆရာများသည် မိမိလုပ်ငန်းအပေါ်တွင် တာဝန်သိစိတ်နှင့်အသက်မွေးဝမ်းကျောင်းမှုကိုချစ်မြတ်နိုးစိတ်ရှိရမည့်အပြင် ကျောင်းသားများအတွက် စံနမူနာကောင်းဖြစ်ရမည်။

၅၂။ ဆရာများသည် ပညာသင်ကြားရာတွင်အပြုသဘောဆောင်သော ဆရာကျောင်းသားဆက်ဆံရေးဖြင့် ကျောင်းသား၏ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုမရှိစေဘဲ သင်ကြားရမည်။

၅၃။ ဆရာများသည် ကျောင်းစာသင်ချိန်အတွင်း ကျောင်းသားများအမှန်တကယ်တတ်မြောက်စေရန် သတ်မှတ်ထားသည့် သင်ရိုးပြီးဆုံးသည်အထိ သင်ကြားပေးရန် တာဝန်ရှိသည်။

၅၄။ ဆရာများသည် မိမိတာဝန်ယူသင်ကြားနေသည့် ကျောင်းသားများထံမှ အခကြေးငွေယူ၍ဖြစ်စေ၊ တံစိုးလက်ဆောင်ယူ၍ဖြစ်စေ သင်ကြားခြင်းမပြုရ။

၅၅။ သင်ယူမှုဖွံ့ဖြိုးတိုးတက်ရေးအတွက် သင်ရိုးညွှန်းတမ်းနှင့် ကိုက်ညီသော နည်းစနစ်များကို လွတ်လပ်စွာ ရွေးချယ်ခွင့်ရှိရမည်။

၅၆။ ဆရာများသည် မိမိ၏လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားစေရေးနှင့် နိုင်ငံတကာအတွေ့အကြုံရရှိစေရေးတို့အတွက် အစဉ်လေ့လာသင်ယူခွင့်ရှိသည်။

၅၇။ ဆရာများသည် လူမှုဘဝမြှင့်တင်ရေးအတွက် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ အခွင့်အလမ်းများကို ရပိုင်ခွင့်ရှိသည်။

၅၈။ အခြေခံပညာဆရာများအနက် မိမိတာဝန်ထမ်းဆောင်နေသော အခြေခံပညာရေးအဆင့်အတွင်း တည်မြဲစွာ တာဝန်ထမ်းဆောင်သူများအနေဖြင့် ကျွမ်းကျင်မှု အရည်အသွေးများပိုမိုတိုးတက်လာသည်နှင့်အမျှ

စွမ်းဆောင်ရည်အဆင့်အလိုက် လစာငွေတိုးမြှင့်ခြင်းနှင့် ဝန်ကြီးဌာနက သတ်မှတ်သော ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

၅၉။ ဆရာများသည် သင်ယူမှုဝန်းကျင်ကောင်း ဖန်တီးနိုင်ရေးအတွက် ဆရာအဖွဲ့အစည်းများကို သတ်မှတ်ချက်များနှင့်အညီ ဖွဲ့စည်းနိုင်သည်။

## အခန်း (၁၂)
## မိဘများ၏ တာဝန်ဝတ္တရားများနှင့် အခွင့်အလမ်းများ

၆၀။ မိဘ သို့မဟုတ် အုပ်ထိန်းသူသည် မိမိတို့၏ ကလေးများကို ကျောင်းနေအရွယ်တွင် နိုင်ငံတော်က သတ်မှတ်ထားသော အခမဲ့မသင်မနေရပညာရေးကို သင်ကြားပေးရေးအတွက် သက်ဆိုင်ရာကျောင်းသို့ မဖြစ်မနေကျောင်းအပ်ရန်နှင့် ယင်းပညာရေးအဆင့် ပြီးမြောက်သည်အထိ သင်ယူစေရမည်။

၆၁။ မိဘ သို့မဟုတ် အုပ်ထိန်းသူသည် မိမိတို့ကလေးဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်၊ စဉ်ဆက်မပြတ်သင်ယူမှု အခွင့်အလမ်းများရှိစေရန်နှင့် သင်ယူမှုဝန်းကျင်ကောင်းဖန်တီးပေးရန်တို့အတွက် ဆရာ၊ မိဘဆရာအသင်း၊ ကျောင်းအကျိုးဆောင်အဖွဲ့တို့နှင့် ပူးပေါင်းဆောင်ရွက်ရမည်။

၆၂။ မိဘ သို့မဟုတ် အုပ်ထိန်းသူသည် အစိုးရကျောင်းတွင် မိမိတို့၏ကလေးအား တာဝန်ယူသင်ကြားနေသည့် ဆရာထံအခကြေးငွေပေး၍ဖြစ်စေ၊ တံစိုးလက်ဆောင်ပေး၍ဖြစ်စေ သင်ကြားသင်ယူမှုမပြုရန် တာဝန်ရှိသည်။

၆၃။ မိဘ သို့မဟုတ် အုပ်ထိန်းသူသည် အမျိုးသားပညာရေးဥပဒေ၊ ဤဥပဒေနှင့် သက်ဆိုင်ရာပညာရေး ဥပဒေတို့အရ ဖွင့်လှစ်တည်ထောင်ထားသော မည်သည့်ကျောင်းတွင်မဆို သတ်မှတ်ချက်နှင့်ညီညွတ်ပါက မိမိကလေးကို ကျောင်းအပ်ပိုင်ခွင့်ရှိသည်။

၆၄။ မိဘဆရာအသင်းသည် အခြေခံပညာကျောင်းများ၏ ပညာရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ကျောင်းအရည် အသွေးမြင့်မားရေးတို့အတွက် ထိရောက်စွာ ပါဝင်ဆောင်ရွက်ရမည်။

## အခန်း (၁၃)
## ကျောင်းသားများ၏ တာဝန်ဝတ္တရားများနှင့် အခွင့်အလမ်းများ

၆၅။ ကျောင်းသားတိုင်းသည် ကျောင်းစည်းကမ်းများကို လိုက်နာရမည်။

၆၆။ ကျောင်းသားများသည် မိမိနှင့်လူမှုအဖွဲ့အစည်းအတွက် အသုံးဝင်မည့် အသိပညာ၊ အတတ်ပညာနှင့် ကျွမ်းကျင်မှုများရရှိလာစေရန် ကြိုးစားလေ့လာသင်ယူရမည်။

၆၇။ ကျောင်းသားများသည် ကိုယ်ကျင့်တရားကောင်းမွန်ပြီး ပြည်သူ့နီတိနှင့်ဒီမိုကရေစီအလေ့အကျင့်များ၊ လူ့အခွင့်အရေးများကို တန်ဖိုးထားသည့် နိုင်ငံ့သားကောင်းများ ဖြစ်လာစေရေးအတွက် ကြိုးစားအားထုတ်ရန် တာဝန်ရှိသည်။

၆၈။ ကျောင်းသားတိုင်းသည် အခြေခံပညာကိုပြီးဆုံးသည်အထိ သင်ယူခွင့်ရှိသည်။

၆၉။ ကျောင်းသားများသည် ပညာသင်ကာလအတွင်း ပညာသင်ဆုနှင့်ထောက်ပံ့ကြေးများကို သတ်မှတ်ချက် များနှင့်အညီ ခံစားခွင့်ရှိသည်။

၇၀။ အခြေခံပညာကျောင်းများတွင် ကျောင်းကောင်စီကို စနစ်တကျဖွဲ့စည်းပြီး ကျောင်း၏ပညာရေး လက်တွေ့ ဖွံ့ဖြိုးမှု အသင်းအဖွဲ့များတွင် ကျောင်းသားတိုင်းပါဝင် ဆောင်ရွက်ခွင့်ရှိသည်။

၇၁။ မသန်စွမ်း ကလေးသူငယ်တိုင်းသည် အခြေခံပညာသင်ယူပိုင်ခွင့်နှင့် အခမဲ့မသင်မနေရ ပညာရေးကို သင်ယူပိုင်ခွင့်ရှိရမည်။

## အခန်း (၁၄)
## ပညာရေးတွင် ပြည်သူလူထု ပူးပေါင်းပါဝင်မှုနှင့် ပုဂ္ဂလိက အခန်းကဏ္ဍ

၇၂။ ရပ်ကွက် သို့မဟုတ် ကျေးရွာလူထုသည် မိမိရပ်ရွာဒေသရှိ ကလေးများကို အခမဲ့မသင်မနေရပညာရေး ပြီးမြောက်သည်အထိ ဝိုင်းဝန်းကူညီရမည်။

၇၃။ ရပ်ရွာပြည်သူလူထုသည် ရပ်ကွက် သို့မဟုတ် ကျေးရွာတွင်းရှိ ကျောင်းနေအရွယ်ကလေးများ ကျောင်းနေရေးနှင့် ကျောင်းနေမြဲရေးအတွက် ပူးပေါင်းဆောင်ရွက်ရမည်။

၇၄။ အခြေခံပညာရေးရည်မှန်းချက်များ၊ အခြေခံမူများကို ပေါက်မြောက်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဦးစီးဌာနသည် ပြည်သူလူထုပူးပေါင်းပါဝင်မှုနှင့် ပုဂ္ဂလိကအခန်းကဏ္ဍကို အားပေးရမည်။

၇၅။ အခြေခံပညာကျောင်းမရှိသော ကျေးရွာများတွင် ရပ်ရွာပညာပဒေသာဌာနများဖွင့်လှစ်၍ ကျောင်းပြင်ပ ပညာရေးကို အကောင်အထည်ဖော်နိုင်သည့်အပြင် အခြေခံပညာကျောင်းနည်းတူ ကျောင်းပညာရေးကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ရပ်ရွာပြည်သူလူထု၏ ကူညီပံ့ပိုးမှုကို ရယူရမည်။

၇၆။ ရပ်ကွက် သို့မဟုတ် ကျေးရွာရှိပြည်သူများ ပညာရေးဖြင့် လူနေမှုအဆင့်အတန်း တိုးတက်စေရန်နှင့် အသိဉာဏ်ပညာမြင့်မားစေရန် ရပ်ရွာအခြေပြု ပညာရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်သူလူထုက ပူးပေါင်းပါဝင်ရမည်။

၇၇။ ရပ်ရွာပြည်သူလူထုသည် ကျောင်းဘက်စုံဖွံ့ဖြိုးမှုအတွက် ပံ့ပိုးမှုများနှင့် အကြံဉာဏ်များပေးခြင်းဖြင့် ပူးပေါင်းဆောင်ရွက်နိုင်သည်။

၇၈။ မိဘဆရာအသင်းများသည် အစိုးရကျောင်းများတွင် တာဝန်ယူသင်ကြားနေသည့် ဆရာထံ အခကြေးငွေပေး၍ဖြစ်စေ၊ တံစိုးလက်ဆောင်ပေး၍ဖြစ်စေ သင်ကြားသင်ယူမှုဖြစ်စေသည့် အခြေအနေများ ပပျောက်စေရန် ရပ်ရွာပြည်သူလူထုနှင့် ပူးပေါင်းဆောင်ရွက်ရမည်။

၇၉။ မူကြိုပညာရေးကို အခြေခံပညာကျောင်းများ၌ အကောင်အထည်ဖော်ရာတွင် ဝန်ကြီးဌာန၊ မိဘ၊ ရပ်ရွာပြည်သူလူထုတို့ ပူးပေါင်းဆောင်ရွက်နိုင်သည်။

၈၀။ ကိုယ်ပိုင်ကျောင်းများကို တည်ထောင်ခွင့်ပြုခြင်းနှင့် ပညာရေးလုပ်ငန်းများ၌ ပုဂ္ဂလိကအခန်းကဏ္ဍ၏ ပူးပေါင်းပါဝင်ခြင်းတို့ကို သက်ဆိုင်ရာဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်။

၈၁။ ကျောင်းသားများကိုယ်တိုင် လေ့လာသင်ယူနိုင်သော အခွင့်အလမ်းရရှိစေရေးအတွက် ပုဂ္ဂလိက သို့မဟုတ် အဖွဲ့အစည်းများသည် ပညာရေးအထောက်အကူပြုမီဒီယာအမျိုးမျိုး၊ စာကြည့်တိုက်နှင့် ပြတိုက်များ အပါအဝင် လိုအပ်သောအစီအစဉ်များကို တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်နိုင်သည်။

## အခန်း (၁၅)
## ဘဏ္ဍာရေး

၈၂။ ဦးစီးဌာနသည် အခြေခံပညာရေးဆိုင်ရာအသုံးစရိတ်များအတွက် နှစ်စဉ်ဘဏ္ဍာငွေလိုအပ်ချက်တို့ကို ရေးဆွဲပြီး ဝန်ကြီးဌာနမှတစ်ဆင့် အဆိုပြုတင်ပြဆောင်ရွက်ရမည်။

၈၃။ ဦးစီးဌာန၊ ရုံးများနှင့် ကျောင်းများသည် ပြည်တွင်းပြည်ပပုဂ္ဂိုလ် သို့မဟုတ် တရားဝင်အဖွဲ့အစည်းများက လှူဒါန်းသောပစ္စည်းများ၊ ငွေများနှင့်ထောက်ပံ့ကူညီမှုများကို ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် စိစစ်လက်ခံ နိုင်သည်။

၈၄။ ဦးစီးဌာန၊ ရုံးများနှင့် ကျောင်းများသည် -

(က) ပုဒ်မ ၈၃ အရ လက်ခံရရှိသော ပစ္စည်းများ၊ ထောက်ပံ့ကူညီမှုများနှင့် လှူဒါန်းငွေများကို ပညာရေး ကဏ္ဍဖွံ့ဖြိုးမှုအတွက် ထိရောက်စွာ သုံးစွဲရမည်။

(ခ) ဘဏ္ဍာငွေသုံးစွဲရာတွင် တည်ဆဲဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ သုံးစွဲပြီးစာရင်းဇယားများကို အလျှရှင်နှင့် အများပြည်သူတို့ ထင်သာမြင်သာရှိစေရန် ဆောင်ရွက်ရမည်။

(ဂ) ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာန၏ သတ်မှတ်ချက်များနှင့်အညီ စစ်ဆေးမှုကို ခံယူရမည်။

၈၅။ အခြေခံပညာရေးဆိုင်ရာ အသုံးစရိတ်များကို သက်ဆိုင်ရာဦးစီးဌာနများက တွက်ချက်၍ ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြတောင်းခံနိုင်သည်။

၈၆။ မူကြိုပညာရေးဆိုင်ရာ အသုံးစရိတ်များကို သက်ဆိုင်ရာဦးစီးဌာနက တွက်ချက်၍ ဝန်ကြီးဌာနမှ တစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြတောင်းခံနိုင်သည်။

၈၇။ ကျောင်းပြင်ပပညာရေးကို ဆောင်ရွက်နေသော ဌာနများသည် ကျောင်းပြင်ပ ပညာရေးဆိုင်ရာ အသုံးစရိတ်များကိုတွက်ချက်၍ ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြတောင်းခံနိုင်သည်။

၈၈။ မသန်စွမ်းသူများအပါအဝင် အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ယူခွင့်မရရှိသူများကို လူတိုင်း အကျုံးဝင်ပညာရေးအရ ကျောင်းပညာရေး သို့မဟုတ် ကျောင်းပြင်ပပညာရေးတစ်ခုခု၌ ပညာသင်ယူ ဆည်းပူးခွင့်ရရှိစေရန် အကောင်အထည်ဖော်ဆောင်ရွက်နေသောဌာနသည် အသုံးစရိတ်များကို တွက်ချက်၍ ဝန်ကြီးဌာနမှတစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြတောင်းခံနိုင်သည်။

၈၉။ ရွှေ့လျားနှင့် အရေးပေါ်ကျောင်းများကို ပညာရေးအထူးဝန်ဆောင်မှုအဖြစ်ဖွင့်လှစ်ဆောင်ရွက် နေသော ဌာနများသည် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များနှင့်ညှိနှိုင်း၍ အသုံးစရိတ်များကိုတွက်ချက်ပြီး ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် အစိုးရအဖွဲ့သို့တင်ပြတောင်းခံနိုင်သည်။

၉၀။ ဦးစီးဌာန၊ ရုံးများနှင့်ကျောင်းများသည် ဘဏ္ဍာငွေသုံးစွဲရာတွင် တည်ဆဲဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီသုံးစွဲပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးက တာဝန်ပေးအပ်ထားသော စာရင်းစစ်အဖွဲ့ အဆင့်ဆင့်၏ စစ်ဆေးမှုကို ခံယူရမည်။

## အခန်း (၁၆)

## အထွေထွေ

၉၁။ ဝန်ကြီးဌာနသည် အခမဲ့မသင်မနေရ မူလတန်းပညာရေးကို အဆင့်ဆင့်တိုးချဲ့ အကောင်အထည်ဖော် နိုင်ရန် အစီအစဉ်များထားရှိ ဆောင်ရွက်ရမည်။

၉၂။ ဤဥပဒေကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် -

(က) ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနတို့သည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ဦးစီးဌာနတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၉၃။ ဤဥပဒေမပြဋ္ဌာန်းမီက တည်ရှိခဲ့သော ပညာရေးဆိုင်ရာဥပဒေများသည် ဤဥပဒေနှင့်မဆန့်ကျင် သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၉၄။ ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ အခြေခံပညာရေးဥပဒေ (ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၁၄) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

**[ ယခင်အပတ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ကြေညာချက်အမှတ် (၂၄/၂၀၁၅)၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်များ သတ်မှတ်ကြေညာခြင်းမှအဆက် ]**

## ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် သတ်မှတ်ထားသည့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်များ (ပဲခူးတိုင်းဒေသကြီး)

| စဉ် | မဲဆန္ဒနယ်အမှတ် | တိုင်းဒေသကြီးလွှတ်တော်မဲဆန္ဒနယ်တွင်ပါဝင်သည့် နယ်မြေများစာရင်း |
|---|---|---|
| ၄၂ | ကြို့ပင်ကောက်မြို့နယ် တိုင်းဒေသကြီး လွှတ်တော် မဲဆန္ဒနယ်အမှတ် (၂) | ၁။ အနောက်တောင်ရပ်ကွက်(ကြို့ပင်ကောက်မြို့)၊ ၂။ အနောက်မြောက်ရပ်ကွက်(ကြို့ပင်ကောက်မြို့)၊ ၃။ နွယ်ခွေရပ်ကွက်(ကြို့ပင်ကောက်မြို့)၊ ၄။ စက်တိုင်ကုန်းရပ်ကွက်(ကြို့ပင်ကောက်မြို့)၊ ၅။ ကြို့ကုန်းကျေးရွာအုပ်စု၊ ၆။ ဖုန်းဆိုးစုကျေးရွာအုပ်စု၊ ၇။ အောင်ပင်သာကျေးရွာအုပ်စု၊ ၈။ လက်ပံပင်စုကျေးရွာအုပ်စု၊ ၉။ တူးမြောင်းကျေးရွာအုပ်စု၊ ၁၀။ စိုင်ဂေါင်းကျေးရွာအုပ်စု၊ ၁၁။ ဇင်ပြွန်းကုန်းကျေးရွာအုပ်စု၊ ၁၂။ ဂုမ္ဗကွင်းကျေးရွာအုပ်စု၊ ၁၃။ လိန်ပင်ကွင်းကျေးရွာအုပ်စု၊ ၁၄။ ထူးကံကျေးရွာအုပ်စု၊ ၁၅။ ဆင်နင်းပင်ကျေးရွာအုပ်စု၊ ၁၆။ အုန်းတောကျေးရွာအုပ်စု၊ ၁၇။ ပျင်တောင်ကွင်းကျေးရွာအုပ်စု၊ ၁၈။ ဥက္ကံကျေးရွာအုပ်စု၊ ၁၉။ ညောင်ပင်မြင်းစီးကျေးရွာအုပ်စု၊ ၂၀။ ချောင်းနားစုကျေးရွာအုပ်စု၊ ၂၁။ မင်းအိုကျေးရွာအုပ်စု၊ ၂၂။ သရက်ကုန်းကျေးရွာအုပ်စု၊ ၂၃။ စေတီကုန်းကျေးရွာအုပ်စု၊ ၂၄။ ဘုကြီးကျေးရွာအုပ်စု၊ ၂၅။ ကျောက်ဝကျေးရွာအုပ်စု၊ ၂၆။ ကျွန်းကုန်းကြီးကျေးရွာအုပ်စု၊ ၂၇။ ဘုရားကြီးကုန်းကျေးရွာအုပ်စု၊ ၂၈။ အုန်းနဲ့ကျောတန်းကျေးရွာအုပ်စု၊ ၂၉။ စစ်ကုန်း(၂)ကျေးရွာအုပ်စု၊ ၃၀။ အိုးဘိုကုန်းကျေးရွာအုပ်စု၊ ၃၁။ ရှားပင်တကျေးရွာအုပ်စု။ |
| ၄၃ | ဇီးကုန်းမြို့နယ် တိုင်းဒေသကြီး လွှတ်တော် မဲဆန္ဒနယ်အမှတ် (၁) | ၁။ အမှတ်(၁)ရပ်ကွက်(ဇီးကုန်းမြို့)၊ ၂။ အမှတ်(၂)ရပ်ကွက်(ဇီးကုန်းမြို့)၊ ၃။ အမှတ်(၃)ရပ်ကွက်(ဇီးကုန်းမြို့)၊ ၄။ အမှတ်(၄)ရပ်ကွက်(ဇီးကုန်းမြို့)၊ ၅။ အမှတ်(၅)ရပ်ကွက်(ဇီးကုန်းမြို့)၊ ၆။ ကဇင်းကြီးကျေးရွာအုပ်စု၊ ၇။ ကန္တလီကျေးရွာအုပ်စု၊ ၈။ ချောင်းကမ်းကျေးရွာအုပ်စု၊ ၉။ စပါယ်မျှောင်ကျေးရွာအုပ်စု၊ ၁၀။ ဇရပ်လှကျေးရွာအုပ်စု၊ ၁၁။ တောင်ပို့သာယာကျေးရွာအုပ်စု၊ ၁၂။ တယ်ပင်ကန်ကျေးရွာအုပ်စု၊ ၁၃။ နွားတဲကုန်းကျေးရွာအုပ်စု၊ ၁၄။လေးမျက်နှာကျေးရွာအုပ်စု၊ ၁၅။ လယ်မကျေးရွာအုပ်စု၊ ၁၆။ ဝက်စပိုးကျေးရွာအုပ်စု၊ ၁၇။ သာပေါင်းကျေးရွာအုပ်စု၊ ၁၈။ သစ်နဖားကျေးရွာအုပ်စု။ |
| ၄၄ | ဇီးကုန်းမြို့နယ် တိုင်းဒေသကြီး လွှတ်တော် မဲဆန္ဒနယ်အမှတ် (၂) | ၁။ ချောင်းစောက်ကျေးရွာအုပ်စု၊ ၂။ ကူဖြူကျေးရွာအုပ်စု၊ ၃။ ဘုရားကြီးကုန်းကျေးရွာအုပ်စု၊ ၄။ သင်ကန်ကျေးရွာအုပ်စု၊ ၅။ ရွာဝိုင်းကြီးကျေးရွာအုပ်စု၊ ၆။ ဘော်ဘင်ကျေးရွာအုပ်စု၊ ၇။ မီးကောက်ပင်ကျေးရွာအုပ်စု၊ ၈။ ဆိတ်ဖူးကျင်းကျေးရွာအုပ်စု၊ ၉။ ကံကလေးကျေးရွာအုပ်စု၊ ၁၀။ ရွှေကြို့ပင်ကျေးရွာအုပ်စု၊ ၁၁။ မော်ရကျေးရွာအုပ်စု၊ ၁၂။ သရက်တပင်ကျေးရွာအုပ်စု၊ ၁၃။ သပြေစိန်ကျေးရွာအုပ်စု၊ ၁၄။ မယင်းကျေးရွာအုပ်စု၊ ၁၅။ ဘုရားပျို့ကျေးရွာအုပ်စု၊ ၁၆။ ဘဲအင်းကျေးရွာအုပ်စု။ |
| ၄၅ | နတ်တလင်းမြို့နယ် တိုင်းဒေသကြီး လွှတ်တော် မဲဆန္ဒနယ်အမှတ် (၁) | ၁။ မြို့မရပ်ကွက်(နတ်တလင်းမြို့)၊ ၂။ ရွာမရပ်ကွက်(နတ်တလင်းမြို့)၊ ၃။ လှေကြပ်ကုန်းကျေးရွာအုပ်စု၊ ၄။ ပွဲသာကျေးရွာအုပ်စု၊ ၅။ ချင်းကုန်းကံကျေးရွာအုပ်စု၊ ၆။ ကျွဲသေကျေးရွာအုပ်စု၊ ၇။ မုံရွာကြီးကျေးရွာအုပ်စု၊ ၈။ ဂျိတ်တောကြီးကျေးရွာအုပ်စု၊ ၉။ ကံသာကျေးရွာအုပ်စု၊ ၁၀။ မြို့စိုး |

| စဉ် | မဲဆန္ဒနယ်အမှတ် | တိုင်းဒေသကြီးလွှတ်တော်မဲဆန္ဒနယ်တွင်ပါဝင်သည့် နယ်မြေများစာရင်း |
|---|---|---|
| | | ကျေးရွာအုပ်စု၊ ၁၁။ ချဉ်ယုတ်ကွင်းကျေးရွာအုပ်စု၊ ၁၂။ ပေါက်ကုန်းကျေးရွာအုပ်စု၊ ၁၃။ ချောင်းခွကျေးရွာအုပ်စု၊ ၁၄။ ထိပ်ပိတ်ကျေးရွာအုပ်စု၊ ၁၅။ သာယာကုန်းကျေးရွာအုပ်စု၊ ၁၆။ မကျီးစုကျေးရွာအုပ်စု၊ ၁၇။ ချောင်းသုံးခွကျေးရွာအုပ်စု၊ ၁၈။ ကျန်တောကျေးရွာအုပ်စု၊ ၁၉။ တာပွန်ကျေးရွာအုပ်စု၊ ၂၀။ ဇီးပင်ကွေ့ကျေးရွာအုပ်စု၊ ၂၁။ ရွှေကြာပင်ကျေးရွာအုပ်စု၊ ၂၂။ လှုပခြင်းကျေးရွာအုပ်စု၊ ၂၃။ အုတ်တွင်းကုန်းကျေးရွာအုပ်စု၊ ၂၄။ ကုလားတက်ကွင်းကျေးရွာအုပ်စု၊ ၂၅။ သခွတ်တန်းကျေးရွာအုပ်စု၊ ၂၆။ နွယ်ခွေကျေးရွာအုပ်စု၊ ၂၇။ ကုန်းသာကျေးရွာအုပ်စု၊ ၂၈။ ရေကြည်ကျေးရွာအုပ်စု၊ ၂၉။ ဖလံကုန်းကျေးရွာအုပ်စု၊ ၃၀။ ရေမွှေးကျေးရွာအုပ်စု၊ ၃၁။ တောင်ယာတောကျေးရွာအုပ်စု၊ ၃၂။ ကတက်ကုန်းကျေးရွာအုပ်စု၊ ၃၃။ ပျဉ်းမကုန်းကျေးရွာအုပ်စု၊ ၃၄။ ကြိုးကြာကန်ကျေးရွာအုပ်စု၊ ၃၅။ အုတ်ဖိုစုကျေးရွာအုပ်စု၊ ၃၆။ ဓမ္မကျကျေးရွာအုပ်စု၊ ၃၇။ ပန်းတင်ကြီးကျေးရွာအုပ်စု၊ ၃၈။ ရှားဖြူကုန်းကျေးရွာအုပ်စု၊ ၃၉။ ကညင်ကံကျေးရွာအုပ်စု၊ ၄၀။ မယ်ဇလီတန်းကျေးရွာအုပ်စု၊ ၄၁။ လဲတောကျေးရွာအုပ်စု၊ ၄၂။ ဂျင်းယားကုန်းကျေးရွာအုပ်စု၊ ၄၃။ သရက်တပင်ကျေးရွာအုပ်စု၊ ၄၄။ မြို့ခြံကျေးရွာအုပ်စု၊ ၄၅။ အနောက်စုကျေးရွာအုပ်စု၊ ၄၆။ ထိန်သေးကျေးရွာအုပ်စု၊ ၄၇။ ပွတ်စုကျေးရွာအုပ်စု။ |
| ၄၆ | နတ်တလင်းမြို့နယ် တိုင်းဒေသကြီး လွှတ်တော် မဲဆန္ဒနယ်အမှတ် (၂) | ၁။ သာဇီရပ်ကွက်(နတ်တလင်းမြို့)၊ ၂။ ဇီးကုန်းကလေးရပ်ကွက်(နတ်တလင်းမြို့)၊ ၃။ တံခွန်တိုင်ကျေးရွာအုပ်စု ၄။ ရွာသာကုန်းကျေးရွာအုပ်စု၊ ၅။ ကျခတ်ဝါးရုံကျေးရွာအုပ်စု၊ ၆။ သက်ငယ်ပြင်ကျေးရွာအုပ်စု၊ ၇။ ပဒတ်ကုန်းကျေးရွာအုပ်စု၊ ၈။ ပေါက်တုန်းကျေးရွာအုပ်စု၊ ၉။ လက်ခုပ်ပင်ကျေးရွာအုပ်စု၊ ၁၀။ သဲချောင်းကျေးရွာအုပ်စု၊ ၁၁။ ကျွန်းကလေးကျေးရွာအုပ်စု၊ ၁၂။ ဘွတ်တောကျေးရွာအုပ်စု၊ ၁၃။ အုတ်တန်းကျေးရွာအုပ်စု၊ ၁၄။ ပဲမခမ်းကျေးရွာအုပ်စု၊ ၁၅။ ကြို့ပင်သာကျေးရွာအုပ်စု၊ ၁၆။ စမ်းကလေးကျေးရွာအုပ်စု၊ ၁၇။ ဓမ္မငယ်ကျေးရွာအုပ်စု၊ ၁၈။ စမ်းချောင်းကျေးရွာအုပ်စု၊ ၁၉။ တင်ပြင်ခွေကျေးရွာအုပ်စု၊ ၂၀။ စောင်းဝှက်ကျေးရွာအုပ်စု၊ ၂၁။ လက်ပံပင်စုကျေးရွာအုပ်စု၊ ၂၂။ ဆီဆုံကုန်းကျေးရွာအုပ်စု၊ ၂၃။ သာစည်ကျေးရွာအုပ်စု၊ ၂၄။ ချောင်းကမ်းကြီးကျေးရွာအုပ်စု၊ ၂၅။ လယ်သားကျေးရွာအုပ်စု၊ ၂၆။ ကျောက်ခွက်ကျေးရွာအုပ်စု၊ ၂၇။ လယ်မအင်းကျေးရွာအုပ်စု၊ ၂၈။ ပျဉ်ပုံကျေးရွာအုပ်စု၊ ၂၉။ အောင်ရတနာကျေးရွာအုပ်စု၊ ၃၀။ အောင်သာယာကျေးရွာအုပ်စု၊ ၃၁။ အောင်မြန်မာ(၂)ကျေးရွာအုပ်စု၊ ၃၂။ အောင်ဇေယျာကျေးရွာအုပ်စု၊ ၃၃။ ပျဉ်းမခေါင်ကျေးရွာအုပ်စု၊ ၃၄။ အောင်မြန်မာ(၁)ကျေးရွာအုပ်စု၊ ၃၅။ ဖလံပင်ကျေးရွာအုပ်စု။ |
| ၄၇ | မိုးညိုမြို့နယ် တိုင်းဒေသကြီး လွှတ်တော် မဲဆန္ဒနယ်အမှတ် (၁) | ၁။ ဇောတိကရပ်ကွက်(မိုးညိုမြို့)၊ ၂။ သခင်လှရှိန်ရပ်ကွက်(မိုးညိုမြို့)၊ ၃။ ကရင်ချောင်ကျေးရွာအုပ်စု၊ ၄။ လက်ပံခုံကျေးရွာအုပ်စု၊ ၅။ ဖန်ခါးပင်ကျေးရွာအုပ်စု၊ ၆။ ရေလယ်သောင်ကျေးရွာအုပ်စု၊ ၇။ ဆင်မနိုင်ကျေးရွာအုပ်စု၊ ၈။ ဆင်ခေါင်းကျေးရွာအုပ်စု၊ ၉။ မင်းဒူးကျေးရွာအုပ်စု၊ ၁၀။ ရှားတောကျွန်းကျေးရွာအုပ်စု၊ ၁၁။ ဖလန်ချောင်းကျေးရွာအုပ်စု၊ ၁၂။ ဟသ်ာချောင်ကျေးရွာအုပ်စု၊ ၁၃။ မြေဇာကျေးရွာအုပ်စု၊ ၁၄။ ညောင်လေးပင်ကျေးရွာ |

| စဉ် | မဲဆန္ဒနယ်အမှတ် | တိုင်းဒေသကြီးလွှတ်တော်မဲဆန္ဒနယ်တွင်ပါဝင်သည့် နယ်မြေများစာရင်း |
|---|---|---|
| | | အုပ်စု၊ ၁၅။ အိုးဘိုကျွန်းကျေးရွာအုပ်စု၊ ၁၆။ ဆုံကုန်းကျေးရွာအုပ်စု၊ ၁၇။ ရေကင်းကျေးရွာအုပ်စု၊ ၁၈။ ညောင်ဝိုင်းကျေးရွာအုပ်စု၊ ၁၉။ စပါယ်မျှောင်ကျေးရွာအုပ်စု၊ ၂၀။ ကျွန်းညိုကျေးရွာအုပ်စု၊ ၂၁။ ဝဲကြီးကျေးရွာအုပ်စု။ |
| ၄၈ | မိုးညိုမြို့နယ် တိုင်းဒေသကြီး လွှတ်တော် မဲဆန္ဒနယ်အမှတ် (၂) | ၁။ ရွှေဥဒေါင်းရပ်ကွက်(မိုးညိုမြို့)၊ ၂။ မြို့မရပ်ကွက်(မိုးညိုမြို့)၊ ၃။ ရွှေပြည်သာရပ်ကွက်(မိုးညိုမြို့)၊ ၄။ ဇီးပင်ကျေးရွာအုပ်စု၊ ၅။ တက်ဆွဲကျေးရွာအုပ်စု၊ ၆။ သာယာကုန်းကျေးရွာအုပ်စု၊ ၇။ ငါးကယ်ကျေးရွာအုပ်စု၊ ၈။ ပေါက်ကုန်းကျေးရွာအုပ်စု၊ ၉။ မတော့ကုန်းကျေးရွာအုပ်စု၊ ၁၀။ ဇင်းချောင်းကျေးရွာအုပ်စု၊ ၁၁။ ကြို့ပင်သာကျေးရွာအုပ်စု၊ ၁၂။ ရွှေခဲကျေးရွာအုပ်စု၊ ၁၃။ ဘုရားငူကျေးရွာအုပ်စု၊ ၁၄။ အင်းကျော်လုပ်ကျေးရွာအုပ်စု၊ ၁၅။ မြစ်သာကျေးရွာအုပ်စု၊ ၁၆။ ပတွေ့ကျေးရွာအုပ်စု၊ ၁၇။ မြောက်လုပ်ကုန်းကျေးရွာအုပ်စု၊ ၁၈။ ရွာသာယာကျေးရွာအုပ်စု၊ ၁၉။ ကျောက်ဝကျေးရွာအုပ်စု၊ ၂၀။ ထန်းပင်ကုန်းကျေးရွာအုပ်စု၊ ၂၁။ ထိန်တောကျေးရွာအုပ်စု။ |
| ၄၉ | မင်းလှမြို့နယ် တိုင်းဒေသကြီး လွှတ်တော် မဲဆန္ဒနယ်အမှတ် (၁) | ၁။ ပြည်တော်သာရပ်ကွက်(မင်းလှမြို့)၊ ၂။ လက်ဆက်ကျေးရွာအုပ်စု၊ ၃။ သရော (အမ်) ကျေးရွာအုပ်စု၊ ၄။ လှည်းပြင်တင်ကျေးရွာအုပ်စု၊ ၅။ ထောက်ကြန့်ကွင်း(အမ်)ကျေးရွာအုပ်စု၊ ၆။ သရက်တပင်ကျေးရွာအုပ်စု၊ ၇။ စမ်းတောင်ကွေ့ကျေးရွာအုပ်စု၊ ၈။ ဘွတ်စိန်ဘုကျေးရွာအုပ်စု၊ ၉။ ခွက်မကျေးရွာအုပ်စု၊ ၁၀။ ကိုင်းပြင်ကြီးကျေးရွာအုပ်စု၊ ၁၁။ စမ်းဘုတ်ကျေးရွာအုပ်စု၊ ၁၂။ ဝက်လှကြီးကျေးရွာအုပ်စု၊ ၁၃။ ဥတိုကညင်ပင်ကျေးရွာအုပ်စု၊ ၁၄။ စီကုန်းကျေးရွာအုပ်စု၊ ၁၅။ သင်အိုင်ကျေးရွာအုပ်စု၊ ၁၆။ ရွေးကုန်းကျေးရွာအုပ်စု၊ ၁၇။ ဇရစ်ချောင်းကျေးရွာအုပ်စု၊ ၁၈။ အင်ကြင်းကုန်းကျေးရွာအုပ်စု၊ ၁၉။ ပက်တန်းကျေးရွာအုပ်စု၊ ၂၀။ ထောက်ကြန့်ကျေးရွာအုပ်စု၊ ၂၁။ ညောင်သုံးပင်ကျေးရွာအုပ်စု၊ ၂၂။ စာနီစုကျေးရွာအုပ်စု၊ ၂၃။ အိုးကွဲကျေးရွာအုပ်စု၊ ၂၄။ ကျောင်းရွာကျေးရွာအုပ်စု၊ ၂၅။ ဂန့်ဂေါ်ပင်ကျေးရွာအုပ်စု၊ ၂၆။ စစ်ကွင်းကျေးရွာအုပ်စု၊ ၂၇။ ဝက်လှကလေးကျေးရွာအုပ်စု၊ ၂၈။ အုတ်တွင်းကျေးရွာအုပ်စု။ |
| ၅၀ | မင်းလှမြို့နယ် တိုင်းဒေသကြီး လွှတ်တော် မဲဆန္ဒနယ်အမှတ် (၂) | ၁။ ဇီးကုန်းလေးရပ်ကွက်(မင်းလှမြို့)၊ ၂။ ကန်ကြီးတန်းရပ်ကွက်(မင်းလှမြို့)၊ ၃။ လမ်းမတော်ရပ်ကွက်(မင်းလှမြို့)၊ ၄။ မင်းတန်းရပ်ကွက်(မင်းလှမြို့)၊ ၅။ ရုံးလမ်းရပ်ကွက်(မင်းလှမြို့)၊ ၆။ ဈေးချိုတန်းရပ်ကွက်(မင်းလှမြို့)၊ ၇။ ပန်းဘဲချောင်ရပ်ကွက်(မင်းလှမြို့)၊ ၈။ ပန်းတောကျေးရွာအုပ်စု၊ ၉။ သရော(ဂျီ)ကျေးရွာအုပ်စု၊ ၁၀။ လက်ပံရေကျော်ကျေးရွာအုပ်စု၊ ၁၁။ ညောင်ဝင်းကျေးရွာအုပ်စု၊ ၁၂။ ကျွဲတလင်းကျေးရွာအုပ်စု၊ ၁၃။ ပေါက်ကုန်းကျေးရွာအုပ်စု၊ ၁၄။ ရှားတောကွင်းကျေးရွာအုပ်စု၊ ၁၅။ ဗျက်ကြီးကျေးရွာအုပ်စု၊ ၁၆။ သာယာကုန်းကျေးရွာအုပ်စု၊ ၁၇။ တနာပိုကျေးရွာအုပ်စု၊ ၁၈။ ကံသာယာကျေးရွာအုပ်စု၊ ၁၉။ ကြို့ကုန်း (၂) ကျေးရွာအုပ်စု၊ ၂၀။ သင်တောကန်ကျေးရွာအုပ်စု၊ ၂၁။ ရှမ်းကုန်းကျေးရွာအုပ်စု၊ ၂၂။ ပေပင်တန်းကျေးရွာအုပ်စု၊ ၂၃။ ညောင်ကုန်းကျေးရွာအုပ်စု၊ ၂၄။ သဲကောကျေးရွာအုပ်စု၊ ၂၅။ ရွှေလောင်းကျေးရွာအုပ်စု၊ ၂၆။ ကြို့ကုန်း(၁)ကျေးရွာအုပ်စု၊ ၂၇။ လှည်းကူးကျေးရွာအုပ်စု၊ ၂၈။ ဒီလှိုင်းကျေးရွာအုပ်စု၊ ၂၉။ စိန်ဘုကျေးရွာအုပ်စု၊ ၃၀။ ထန်းပင်ကုန်းကျေးရွာအုပ်စု၊ ၃၁။ ဆင်တဲကုန်း |

| စဉ် | မဲဆန္ဒနယ်အမှတ် | တိုင်းဒေသကြီးလွှတ်တော်မဲဆန္ဒနယ်တွင်ပါဝင်သည့် နယ်မြေများစာရင်း |
|---|---|---|
| | | ကျေးရွာအုပ်စု၊ ၃၂။ သင်တောရိုးကျေးရွာအုပ်စု၊ ၃၃။ အလယ်ကုန်း ကျေးရွာအုပ်စု၊ ၃၄။ အင်းဘုတ်ကုန်းကျေးရွာအုပ်စု၊ ၃၅။ အုန်းပင်ပေါက် ကျေးရွာအုပ်စု။ |
| ၅၁ | လက်ပံတန်းမြို့နယ် တိုင်းဒေသကြီး လွှတ်တော် မဲဆန္ဒနယ်အမှတ် (၁) | ၁။ မြို့မရပ်ကွက်(လက်ပံတန်းမြို့)၊ ၂။ ဘီးလင်းတန်းရပ်ကွက်(လက်ပံတန်းမြို့)၊ ၃။ ကျွန်းကလေးကျေးရွာအုပ်စု၊ ၄။ ချမ်းသာကုန်းကျေးရွာအုပ်စု၊ ၅။ ကြို့ပင်စခန်းကျေးရွာအုပ်စု၊ ၆။ မှော်အင်းကျေးရွာအုပ်စု၊ ၇။ ပုတိမ်စု ကျေးရွာအုပ်စု၊ ၈။ မိုးအိုင်ကျေးရွာအုပ်စု၊ ၉။ တာဆုံးကျေးရွာအုပ်စု၊ ၁၀။ နတ်စင်ကုန်းကျေးရွာအုပ်စု၊ ၁၁။ ဆင်ကူးရွာသစ်ကျေးရွာအုပ်စု၊ ၁၂။ ညောင်ဝိုင်းကျေးရွာအုပ်စု၊ ၁၃။ ခမုံဆိပ်ကျေးရွာအုပ်စု၊ ၁၄။ ဂုံညင်း တန်းကျေးရွာအုပ်စု၊ ၁၅။ တော်လသကျေးရွာအုပ်စု၊ ၁၆။ ဇီးဖြူကုန်း ကျေးရွာအုပ်စု၊ ၁၇။ ပေါက်တောစုကျေးရွာအုပ်စု၊ ၁၈။ ကညင်တိုကျေးရွာ အုပ်စု၊ ၁၉။ စိန်တုံးကျေးရွာအုပ်စု၊ ၂၀။ ရေလျှံကျေးရွာအုပ်စု၊ ၂၁။ တော် ကလပ်ကျေးရွာအုပ်စု၊ ၂၂။ ရှမ်းစုကျေးရွာအုပ်စု၊ ၂၃။ ယွန်းသွယ်ကျေးရွာ အုပ်စု၊ ၂၄။ ရေကြည်ကျေးရွာအုပ်စု၊ ၂၅။ ဗောဓိပင်ကျေးရွာအုပ်စု။ |
| ၅၂ | လက်ပံတန်းမြို့နယ် တိုင်းဒေသကြီး လွှတ်တော် မဲဆန္ဒနယ်အမှတ် (၂) | ၁။ မင်းရပ်ရပ်ကွက်(လက်ပံတန်းမြို့)၊ ၂။ မအူကုန်ရပ်ကွက်(လက်ပံတန်းမြို့)၊ ၃။ ကိုင်းတောစုကျေးရွာအုပ်စု၊ ၄။ ဆင်တလင်းကျေးရွာအုပ်စု၊ ၅။ ရေငံ ကျေးရွာအုပ်စု၊ ၆။ သစ်ရောင်းပြင်ကျေးရွာအုပ်စု၊ ၇။ သီတာကုန်းကျေးရွာ အုပ်စု၊ ၈။ မြေစီးကျေးရွာအုပ်စု၊ ၉။ ဝါးရုံပင်ဇင်ကျေးရွာအုပ်စု၊ ၁၀။ ကွမ်းခြံ ကျေးရွာအုပ်စု၊ ၁၁။ ဝွေးတောက်ကွင်းကျေးရွာအုပ်စု၊ ၁၂။ မကျီးကွင်း ကျေးရွာအုပ်စု၊ ၁၃။ သိုက်ဝါးချောင်းကျေးရွာအုပ်စု၊ ၁၄။ ဆင်ကူးဝက်လှ ကျေးရွာအုပ်စု၊ ၁၅။ နဘဲကွင်းကျေးရွာအုပ်စု၊ ၁၆။ ရေကန်ကျေးရွာအုပ်စု၊ ၁၇။ ပျဉ်ထောင်တွင်းကျေးရွာအုပ်စု၊ ၁၈။ ဂုံမင်းကွင်းကျေးရွာအုပ်စု၊ ၁၉။ အုတ်တွင်းကျေးရွာအုပ်စု၊ ၂၀။ မြင်ကဝကျေးရွာအုပ်စု၊ ၂၁။ အောင်လံကုန်း ကျေးရွာအုပ်စု၊ ၂၂။ နတ်ဖန်ကွင်းကျေးရွာအုပ်စု၊ ၂၃။ ဆင်မနီကျေးရွာ အုပ်စု၊ ၂၄။ သာရဝေါကျေးရွာအုပ်စု၊ ၂၅။ အိုင်တလုပ်ကျေးရွာအုပ်စု၊ ၂၆။ လုလင်ကျော်ကျေးရွာအုပ်စု၊ ၂၇။ ကွမ်းသီးတပင်ကျေးရွာအုပ်စု၊ ၂၈။ ပျဉ်းကတိုးကုန်းကျေးရွာအုပ်စု။ |
| ၅၃ | သာယာဝတီမြို့နယ် တိုင်းဒေသကြီး လွှတ်တော် မဲဆန္ဒနယ်အမှတ် (၁) | ၁။ အလယ်ကုန်းရပ်ကွက်(သုံးဆယ်မြို့)၊ ၂။ အနောက်လက်ပံခုန်ရပ်ကွက် (သုံးဆယ်မြို့)၊ ၃။ အရှေ့လက်ပံခုန်ရပ်ကွက်(သုံးဆယ်မြို့)၊၄။ သခွတ်ကုန်း ရပ်ကွက်(သုံးဆယ်မြို့)၊ ၅။ အရှေ့သပြေကုန်းရပ်ကွက်(သုံးဆယ်မြို့)၊ ၆။ အနောက်သပြေကုန်းရပ်ကွက်(သုံးဆယ်မြို့)၊ ၇။ဘုရားကြီးလမ်းရပ်ကွက် (သုံးဆယ်မြို့)၊ ၈။ စံရွှေတန်းရပ်ကွက်(သုံးဆယ်မြို့)၊ ၉။ ဈေးပိုင်းရပ်ကွက် (သုံးဆယ်မြို့)၊ ၁၀။ ပေပင်ကုန်းရပ်ကွက်(သုံးဆယ်မြို့)၊ ၁၁။ အနောက် ရိုးကြီးရပ်ကွက်(သုံးဆယ်မြို့)၊ ၁၂။ အရှေ့ရိုးကြီးရပ်ကွက်(သုံးဆယ်မြို့)၊ ၁၃။ ဗေဒင်ကုန်းရပ်ကွက်(သုံးဆယ်မြို့)၊ ၁၄။ ဇီးပွဲကျေးရွာအုပ်စု၊ ၁၅။ ဖိုးခေါင်ကျေးရွာအုပ်စု၊ ၁၆။ ဒေါဝိကျေးရွာအုပ်စု၊ ၁၇။ ကျွန်းကလေးကျေးရွာ အုပ်စု၊ ၁၈။ သဇင်အိုင်ကျေးရွာအုပ်စု၊ ၁၉။ အိုင်ကဒုန်ကျေးရွာအုပ်စု၊ ၂၀။ မြစ်ကျိုးကျေးရွာအုပ်စု၊ ၂၁။ လက်ပံခုန်ကျေးရွာအုပ်စု၊ ၂၂။ ကုန်းမီးနင်း ကျေးရွာအုပ်စု၊ ၂၃။ ဖြူကလေးကျေးရွာအုပ်စု၊ ၂၄။ ရွာမကျေးရွာအုပ်စု၊ |

| စဉ် | မဲဆန္ဒနယ်အမှတ် | တိုင်းဒေသကြီးလွှတ်တော်မဲဆန္ဒနယ်တွင်ပါဝင်သည့် နယ်မြေများစာရင်း |
|---|---|---|
| | | ၂၅။ ရေတွင်းကုန်းကျေးရွာအုပ်စု၊ ၂၆။ ကွဲခြံအင်းကျေးရွာအုပ်စု၊ ၂၇။ ညောင်ကောက်ကွေးကျေးရွာအုပ်စု၊ ၂၈။ ညောင်ဝိုင်းကျေးရွာအုပ်စု၊ ၂၉။ အောက်လက်ပံခုန်ကျေးရွာအုပ်စု၊ ၃၀။ မြောက်ပန်းဆွဲကျေးရွာအုပ်စု၊ ၃၁။ တောင်ပန်းဆွဲကျေးရွာအုပ်စု၊ ၃၂။ လက်ပံတုန်းကျေးရွာအုပ်စု၊ ၃၃။ စည်ပင်ကျေးရွာအုပ်စု၊ ၃၄။ ချမ်းသာကုန်းကျေးရွာအုပ်စု၊ ၃၅။ ကြို့ကုန်းကျေးရွာအုပ်စု၊ ၃၆။ သစ်ရာကုန်းကျေးရွာအုပ်စု၊ ၃၇။ မကြီးကွင်းကျေးရွာအုပ်စု၊ ၃၈။ တောင်ဘို့ရှည်ကျေးရွာအုပ်စု၊ ၃၉။ ချိုကြီးကွင်းကျေးရွာအုပ်စု၊ ၄၀။ စံရွေးကျေးရွာအုပ်စု၊ ၄၁။ စခမ်းကြီးကျေးရွာအုပ်စု။ |
| ၅၄ | သာယာဝတီမြို့နယ် တိုင်းဒေသကြီး လွှတ်တော် မဲဆန္ဒနယ်အမှတ် (၂) | ၁။ ဈေးပိုင်းရပ်ကွက်(သာယာဝတီမြို့)၊ ၂။ ကွက်သစ်ရပ်ကွက်(သာယာဝတီမြို့)၊ ၃။ အလယ်ပိုင်းရပ်ကွက်(သာယာဝတီမြို့)၊ ၄။ ကျောင်းစုရပ်ကွက်(သာယာဝတီမြို့)၊ ၅။ ကရင်စုရပ်ကွက်(သာယာဝတီမြို့)၊ ၆။ ရေဝေရပ်ကွက်(သာယာဝတီမြို့)၊ ၇။ ရွာကြီးကုန်းရပ်ကွက်(သာယာဝတီမြို့)၊ ၈။ ပြည်တော်သာရပ်ကွက်(သာယာဝတီမြို့)၊ ၉။ အသရော်ကျေးရွာအုပ်စု၊ ၁၀။ ဘီးလင်းကျေးရွာအုပ်စု၊ ၁၁။ အိပ်လဟာကျေးရွာအုပ်စု၊ ၁၂။ သင်တောရိုးကျေးရွာအုပ်စု၊ ၁၃။ ကွဲသတ်ကျေးရွာအုပ်စု၊ ၁၄။ အင်းရွာကျေးရွာအုပ်စု၊ ၁၅။ ကျွန်းကုန်းကျေးရွာအုပ်စု၊ ၁၆။ သဲဖြူကျေးရွာအုပ်စု၊ ၁၇။ ချောင်းသုံးခွကျေးရွာအုပ်စု ၊ ၁၈။သုံးဒေါင့်ကန်ကျေးရွာအုပ်စု၊ ၁၉။ သပြေကုန်းကျေးရွာအုပ်စု၊ ၂၀။ ကျောက်တွင်းကျေးရွာအုပ်စု၊ ၂၁။ ဖားရွှေကျော်ကျေးရွာအုပ်စု၊ ၂၂။ ဆင်စခန်းကြီးကျေးရွာအုပ်စု၊ ၂၃။ လှည်းလမ်းကူးကျေးရွာအုပ်စု၊ ၂၄။ ကံကလေးကျေးရွာအုပ်စု၊ ၂၅။ ကြောင်ညှာကုန်းကျေးရွာအုပ်စု၊ ၂၆။ ဇိမ်ဇာကျေးရွာအုပ်စု၊ ၂၇။ ဂုံမင်းမြောင်ကျေးရွာအုပ်စု၊ ၂၈။ သာယာအေးကျေးရွာအုပ်စု။ |
| ၅၅ | အုတ်ဖိုမြို့နယ် တိုင်းဒေသကြီး လွှတ်တော် မဲဆန္ဒနယ်အမှတ် (၁) | ၁။ မြို့မရပ်ကွက်(အုတ်ဖိုမြို့)၊ ၂။ မိုးညိုတန်းရပ်ကွက်(အုတ်ဖိုမြို့)၊ ၃။ ရွာမရပ်ကွက်(အုတ်ဖိုမြို့)၊ ၄။ သရက်ပင်ဆိပ်ကျေးရွာအုပ်စု၊ ၅။ လှဲဇင်ကျေးရွာအုပ်စု၊ ၆။ ဘုတလက်တန်းကျေးရွာအုပ်စု၊ ၇။ တင်ဆိပ်ကျေးရွာအုပ်စု၊ ၈။ ဒေါင်းစပါးကျေးရွာအုပ်စု၊ ၉။ လက်ပတောကျေးရွာအုပ်စု၊ ၁၀။ ဝိုင်းကျေးရွာအုပ်စု၊ ၁၁။ ဖလန်ပင်ကျေးရွာအုပ်စု၊ ၁၂။ အောက်ကိုင်းကျေးရွာအုပ်စု၊ ၁၃။ ကြို့ကိုးပင်ကျေးရွာအုပ်စု၊ ၁၄။ ကိုင်းကြီးကျေးရွာအုပ်စု၊ ၁၅။ သဖန်းပင်ဆိပ်ကျေးရွာအုပ်စု၊ ၁၆။ မြောင်ကျေးရွာအုပ်စု၊ ၁၇။ နွှေကုန်းကျေးရွာအုပ်စု၊ ၁၈။ တိမ်မြုပ်ကျေးရွာအုပ်စု၊ ၁၉။ အလယ်ကုန်းကျေးရွာအုပ်စု၊ ၂၀။ ထန်းပင်ကုန်းကျေးရွာအုပ်စု၊ ၂၁။ ဝင်းသရက်ကျေးရွာအုပ်စု၊ ၂၂။ သရက်နှစ်ဖျားလိန်ကျေးရွာအုပ်စု၊ ၂၃။ ရှမ်းကုန်းကျေးရွာအုပ်စု၊ ၂၄။ သဲကောကျေးရွာအုပ်စု၊ ၂၅။ ပန်းတင်ကျေးရွာအုပ်စု၊ ၂၆။ ချောင်းဂေါင်းကျေးရွာအုပ်စု၊ ၂၇။ လိပ်ဉကုန်းကျေးရွာအုပ်စု၊ ၂၈။ ချောင်းဂွ(ဂျီ) ကျေးရွာအုပ်စု။ |
| ၅၆ | အုတ်ဖိုမြို့နယ် တိုင်းဒေသကြီး လွှတ်တော် မဲဆန္ဒနယ်အမှတ် (၂) | ၁။ အောင်မင်္ဂလာရပ်ကွက်(အုတ်ဖိုမြို့)၊ ၂။ ကျောင်းကြီးတန်းရပ်ကွက်(အုတ်ဖိုမြို့)၊ ၃။ ကွေးချောင်းရပ်ကွက်(အုတ်ဖိုမြို့)၊ ၄။ နန္ဒင်းကုန်းကျေးရွာအုပ်စု၊ ၅။ ငါးရှဉ့်ရိုးကျေးရွာအုပ်စု၊ ၆။ သရက်ကုန်းကျေးရွာအုပ်စု၊ ၇။ မတောင့်တကျေးရွာအုပ်စု၊ ၈။ တောင်ကုန်းကျေးရွာအုပ်စု၊ ၉။ ကျပ်ချောင်း |

| စဉ် | မဲဆန္ဒနယ်အမှတ် | တိုင်းဒေသကြီးလွှတ်တော်မဲဆန္ဒနယ်တွင်ပါဝင်သည့် နယ်မြေများစာရင်း |
|---|---|---|
| | | ကျေးရွာအုပ်စု၊ ၁၀။ ထူးကုန်းကျေးရွာအုပ်စု၊ ၁၁။ ဘလားကျေးရွာအုပ်စု၊ ၁၂။ တက်ဆွဲကျေးရွာအုပ်စု၊ ၁၃။ မှက္ကတန်ကျေးရွာအုပ်စု၊ ၁၄။ အုတ်တွင်းကုန်းကျေးရွာအုပ်စု၊ ၁၅။ အိုးသည်ကုန်းကျေးရွာအုပ်စု၊ ၁၆။ အုတ်ရှစ်ကုန်းကျေးရွာအုပ်စု၊ ၁၇။ အေးမြသာယာကျေးရွာအုပ်စု၊ ၁၈။ မကျီးပင်ကျေးရွာအုပ်စု၊ ၁၉။ တယ်ပင်ကျော်ကျေးရွာအုပ်စု၊ ၂၀။ တယ်ပင်ရိုးကျေးရွာအုပ်စု၊ ၂၁။ ထောက်ကြန့်ကွင်းကျေးရွာအုပ်စု၊ ၂၂။ တင်းကုတ်ကြီးကျေးရွာအုပ်စု၊ ၂၃။ လေးတဲကျေးရွာအုပ်စု၊ ၂၄။ ရှမ်းရွာကျေးရွာအုပ်စု၊ ၂၅။ ဂုံညင်းတန်းကျေးရွာအုပ်စု၊ ၂၆။ ကမွန်းခြုံကျေးရွာအုပ်စု၊ ၂၇။ ကျွန်းကောက်ပင်ကျေးရွာအုပ်စု၊ ၂၈။ ရှားတောကွင်းကျေးရွာအုပ်စု၊ ၂၉။ သင်ပန်းကုန်းကျေးရွာအုပ်စု၊ ၃၀။ ကန်သာယာကျေးရွာအုပ်စု၊ ၃၁။ ဆင်ဂေါင်းကျေးရွာအုပ်စု၊ ၃၂။ ကျွန်းကုန်းကျေးရွာအုပ်စု။ |

**၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် သတ်မှတ်ထားသည့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်များ (မကွေးတိုင်းဒေသကြီး)**

| စဉ် | မဲဆန္ဒနယ်အမှတ် | တိုင်းဒေသကြီးလွှတ်တော်မဲဆန္ဒနယ်တွင်ပါဝင်သည့် နယ်မြေများစာရင်း |
|---|---|---|
| ၁ | မကွေးမြို့နယ် တိုင်းဒေသကြီး လွှတ်တော် မဲဆန္ဒနယ်အမှတ် (၁) | ၁။ ဆားရွှေကင်းရပ်ကွက် (မကွေးမြို့)၊ ၂။ အောင်မေတ္တာရပ်ကွက် (မကွေးမြို့)၊ ၃။ ဈေးလယ်စိုးရပ်ကွက်(မကွေးမြို့)၊ ၄။ မြို့မအိုးဘိုရပ်ကွက် (မကွေးမြို့)၊ ၅။ ဆုံရပ်ကွက်(မကွေးမြို့)၊ ၆။ မြို့ဟောင်းရပ်ကွက်(မကွေးမြို့)၊ ၇။ ကန်သာရပ်ကွက်(မကွေးမြို့)၊ ၈။ မင်းကံကြီးရပ်ကွက် (မကွေးမြို့)၊ ၉။ မယ်လှတောင်ကျေးရွာအုပ်စု၊ ၁၀။ အုန်းတွဲကျေးရွာအုပ်စု၊ ၁၁။ သရက်လေးပင်ကျေးရွာအုပ်စု၊ ၁၂။ ရှားပင်လှကျေးရွာအုပ်စု၊ ၁၃။ သပြေစမ်းကျေးရွာအုပ်စု၊ ၁၄။ ပုထိုးကျေးရွာအုပ်စု၊ ၁၅။ ဖုတ်ကုန်းကျေးရွာအုပ်စု၊ ၁၆။ ဇီးကျွန်းကျေးရွာအုပ်စု၊ ၁၇။ ဆူးကောက်စမ်းကျေးရွာအုပ်စု၊ ၁၈။ ယင်းနားဝွေးချောင်းကျေးရွာအုပ်စု၊ ၁၉။ လက်ပုတိုကျေးရွာအုပ်စု၊ ၂၀။ အိုင်ကြီးကုန်းကျေးရွာအုပ်စု၊ ၂၁။ သစ်ရာကောက်ကျေးရွာအုပ်စု၊ ၂၂။ လယ်ယားကျေးရွာအုပ်စု၊ ၂၃။ အလယ်ဘိုကျေးရွာအုပ်စု၊ ၂၄။ ယင်းနားသာစည်(အရှေ့)ကျေးရွာအုပ်စု၊ ၂၅။ ညောင်ကြပ်စမ်းကျေးရွာအုပ်စု၊ ၂၆။ ရွာသာကျေးရွာအုပ်စု၊ ၂၇။ လက်ပတောကျေးရွာအုပ်စု၊ ၂၈။ ငါးဆောင်ကျေးရွာအုပ်စု၊ ၂၉။ စမ်းမကြီးကျေးရွာအုပ်စု၊ ၃၀။ ဆူးပြစ်စမ်းကျေးရွာအုပ်စု၊ ၃၁။ မြင်းစိုင်းကျေးရွာအုပ်စု၊ ၃၂။ ကျွန်းပြတ်ကျေးရွာအုပ်စု၊ ၃၃။ တပ်ကုန်းကျေးရွာအုပ်စု၊ ၃၄။ မြင်ကွန်းကျေးရွာအုပ်စု၊ ၃၅။ ဘုရားကုန်းကျေးရွာအုပ်စု၊ ၃၆။ မြေနုကျေးရွာအုပ်စု၊ ၃၇။ ရှားစောင်းကံကျေးရွာအုပ်စု၊ ၃၈။ မြစ်နားသာစည်ကျေးရွာအုပ်စု၊ ၃၉။ ကန်တော်ကျေးရွာအုပ်စု၊ ၄၀။ ကွမ်းအုံကျေးရွာအုပ်စု၊ ၄၁။ တောင်ခွင်ကျေးရွာအုပ်စု၊ ၄၂။ မင်းကျေးရွာအုပ်စု၊ ၄၃။ ပဥ္စနဂိုကျေးရွာအုပ်စု၊ ၄၄။ မိကျောင်းရဲကျေးရွာအုပ်စု၊ ၄၅။ ပေပင်စမ်းကျေးရွာအုပ်စု။ |

| စဉ် | မဲဆန္ဒနယ်အမှတ် | တိုင်းဒေသကြီးလွှတ်တော်မဲဆန္ဒနယ်တွင်ပါဝင်သည့် နယ်မြေများစာရင်း |
|---|---|---|
| ၂ | မကွေးမြို့နယ် တိုင်းဒေသကြီး လွှတ်တော် မဲဆန္ဒနယ်အမှတ် (၂) | ၁။ သိင်္ဂီရိရပ်ကွက်(မကွေးမြို့)၊ ၂။ ရွာသစ်ပွဲကြိုရပ်ကွက်(မကွေးမြို့)၊ ၃။ ပြည်တော်သာရပ်ကွက်(မကွေးမြို့)၊ ၄။ မြင်သာရပ်ကွက်(မကွေးမြို့)၊ ၅။ အောင်မင်္ဂလာရပ်ကွက်(မကွေးမြို့)၊ ၆။ အောင်ချမ်းသာရပ်ကွက် (မကွေးမြို့)၊ ၇။ အောင်ရတနာရပ်ကွက်(မကွေးမြို့)၊ ၈။ ကန်ပြားကျေးရွာအုပ်စု၊ ၉။ ကံသာကြီးကျေးရွာအုပ်စု၊ ၁၀။ အင်တိုင်းကြီးကျေးရွာအုပ်စု၊ ၁၁။ တပေါက်တောကျေးရွာအုပ်စု၊ ၁၂။ မကြီးကန်ကျေးရွာအုပ်စု၊ ၁၃။ မကြီးခြေထောက်ကျေးရွာအုပ်စု၊ ၁၄။ ရွာဟောင်းကန်ကျေးရွာအုပ်စု၊ ၁၅။ သမန်းတောကျေးရွာအုပ်စု၊ ၁၆။ ဒဟတ်ကန်ကျေးရွာအုပ်စု၊ ၁၇။ ကရင်ကျေးရွာအုပ်စု၊ ၁၈။ ဆားတိုင်ကံကျေးရွာအုပ်စု၊ ၁၉။ နတ်ကန်ကျေးရွာအုပ်စု၊ ၂၀။ နံကပ်ကျွန်းကျေးရွာအုပ်စု၊ ၂၁။ ဘုရားပြိုကျေးရွာအုပ်စု၊ ၂၂။ ညောင်ကံကျေးရွာအုပ်စု၊ ၂၃။ လင့်မြင့်ကျေးရွာအုပ်စု၊ ၂၄။ ဂျုတ်ကုန်းကျေးရွာအုပ်စု၊ ၂၅။ ကြာကန်ကျေးရွာအုပ်စု၊ ၂၆။ ကျစ်စုံပွေးကျေးရွာအုပ်စု၊ ၂၇။ ဂျိုးကြာကန်ကျေးရွာအုပ်စု၊ ၂၈။ ညောင်ပင်ကျေးရွာအုပ်စု၊ ၂၉။ တယ်ပင်ကံပေါက်ကျေးရွာအုပ်စု၊ ၃၀။ ဖိုးလေးလုံးကျေးရွာအုပ်စု၊ ၃၁။ သက်ရင်းတောကျေးရွာအုပ်စု။ |
| ၃ | ရေနံချောင်းမြို့နယ် တိုင်းဒေသကြီး လွှတ်တော် မဲဆန္ဒနယ်အမှတ် (၁) | ၁။ မြို့မမြောက်ရပ်ကွက်(ရေနံချောင်းမြို့)၊ ၂။ ဆုံတိုက်ရပ်ကွက်(ရေနံချောင်းမြို့)၊ ၃။ ရွှေကြာငုံရပ်ကွက်(ရေနံချောင်းမြို့)၊ ၄။ တွင်းကုန်းရပ်ကွက်(ရေနံချောင်းမြို့)၊ ၅။ သူဌေးကုန်းရပ်ကွက်(ရေနံချောင်းမြို့)၊ ၆။ မြေနီခင်မြောက်ရပ်ကွက်(ရေနံချောင်းမြို့)၊ ၇။ မြေနီခင်တောင်ရပ်ကွက်(ရေနံချောင်းမြို့)၊ ၈။ ဘိုကုန်းရပ်ကွက်(ရေနံချောင်းမြို့)၊ ၉။ သုံးဆယ့်ခြောက်ကျေးရွာအုပ်စု၊ ၁၀။ ဖောင်းကတောကျေးရွာအုပ်စု၊ ၁၁။ ဘူးကျွန်းကျေးရွာအုပ်စု၊ ၁၂။ ကျန်းကိုင်ကျွန်းကျေးရွာအုပ်စု၊ ၁၃။ မာန်မြေကျေးရွာအုပ်စု၊ ၁၄။ ပင်းဝကျေးရွာအုပ်စု၊ ၁၅။ အရှေ့ကုန်းကျေးရွာအုပ်စု၊ ၁၆။ ကမ္မကျေးရွာအုပ်စု၊ ၁၇။ ဖိုးကိုးကျေးရွာအုပ်စု၊ ၁၈။ စိန်ပန်းပင်ကျေးရွာအုပ်စု၊ ၁၉။ ရွှေတုတ်ကန်ကျေးရွာအုပ်စု၊ ၂၀။ ကုက္ကိုခွကျေးရွာအုပ်စု၊ ၂၁။ စခန်းကန်ကျေးရွာအုပ်စု။ |
| ၄ | ရေနံချောင်းမြို့နယ် တိုင်းဒေသကြီး လွှတ်တော် မဲဆန္ဒနယ်အမှတ် (၂) | ၁။ မြို့မတောင်ရပ်ကွက်(ရေနံချောင်းမြို့)၊ ၂။ အိုးဘိုရပ်ကွက်(ရေနံချောင်းမြို့)၊ ၃။ ရွာသစ်ရပ်ကွက်(ရေနံချောင်းမြို့)၊ ၄။ ဘေးမဲ့ရပ်ကွက်(ရေနံချောင်းမြို့)၊ ၅။ သစ်တပွေရပ်ကွက်(ရေနံချောင်းမြို့)၊ ၆။ ညောင်လှရပ်ကွက်(ရေနံချောင်းမြို့)၊ ၇။ မကြီးကန်ကျေးရွာအုပ်စု၊ ၈။ အုတ်ရှစ်ကုန်းကျေးရွာအုပ်စု၊ ၉။ လေးတိုင်စင်ကျေးရွာအုပ်စု၊ ၁၀။ ဖောင်းကွဲကျေးရွာအုပ်စု၊ ၁၁။ ချိုင်းကျေးရွာအုပ်စု၊ ၁၂။ အင်တောကျေးရွာအုပ်စု၊ ၁၃။ ရုံးကုန်းကျေးရွာအုပ်စု၊ ၁၄။ ညောင်ပင်အိုင့်ကျေးရွာအုပ်စု၊ ၁၅။ နဂါးကျေးရွာအုပ်စု၊ ၁၆။ ချောင်းဆုံကျေးရွာအုပ်စု၊ ၁၇။ ဝက်လွတ်ကျေးရွာအုပ်စု၊ ၁၈။ ရုံးဆိပ်ကျွန်းကျေးရွာအုပ်စု၊ ၁၉။ ဘဲဆိပ်ကျေးရွာအုပ်စု၊ ၂၀။ ဝက်မစွတ်ကျေးရွာအုပ်စု၊ ၂၁။ ကန်ကြီးကျေးရွာအုပ်စု၊ ၂၂။ ဆားတိုင်ကျေးရွာအုပ်စု။ |
